# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မိမိကိုယ်ကိုယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၅)


၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၈ ရက်၊ သောကြာနေ့။ Friday , 9 September 2016 (၈၆၇၉)


# ရခိုင်ပြည်နယ်ကိစ္စရပ်များအပေါ် မြန်မာနိုင်ငံမှ တာဝန်ရှိသူများ၏ အတွေ့အကြုံများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ရခိုင်ပြည်နယ်ကိစ္စသည် မြန်မာနိုင်ငံအတွက် အရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ မစ္စတာကိုဖီအာနန်၏ ကျွမ်းကျင်သည့် ခေါင်းဆောင်မှုဖြင့် ပြဿနာကို ချဉ်းကပ်ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

မစ္စတာ ကိုဖီအာနန်က ယခုကော်မရှင်ကို မြန်မာနိုင်ငံမှ ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ ပါဝင်ဖွဲ့စည်းထားသည့် နိုင်ငံခြားသား သုံးဦးအနေဖြင့်လည်း ရခိုင်ပြည်နယ် ကိစ္စရပ်များအပေါ် မိမိတို့၏ နိုင်ငံတကာအတွေ့အကြုံများဖြင့် ပေါင်းစပ်သုံးသပ်၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့၏ ရခိုင်ပြည်နယ် ခရီးစဉ်တွင် ဒီမိုကရေစီစနစ်နှင့်အညီ ဆန္ဒဖော်ထုတ်မှုများ ကြုံတွေ့ခဲ့ရခြင်းကိုလည်း နားလည်လက်ခံပါကြောင်း၊ ကော်မရှင်အနေဖြင့် လူထု၏သဘောထားများ တောင်းခံရာတွင် လိုအပ်ချက်များအား **စာမျက်နှာ ၃ ကော်လံ ၁ သို့**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိပ်သီးအစည်းအဝေးများ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ဗီယင်ကျန်း စက်တင်ဘာ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၁၁) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးနှင့် ဒေသစံတော်ချိန် ၁၀ နာရီ မိနစ် ၄၀ တွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အာဆီယံ-အမေရိကန် **စာမျက်နှာ ၈ ကော်လံ ၁ သို့**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စတုတ္ထအကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သို့ သွားရောက်မည်

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သမ္မတ မစ္စတာ ဘားရက်အိုဘားမား၏ဖိတ်ကြားချက်အရ အမေရိကန်ပြည်ထောင်စုသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နယူးယောက်မြို့တွင် ကျင်းပမည့် (၇၁) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့လည်း တက်ရောက်မည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသို့ အသွားခရီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥရောပဒေသ၊ အရှေ့အလယ်ပိုင်းဒေသအခြေစိုက် မြန်မာသံအမတ်ကြီးများနှင့်တွေ့ဆုံရန်နှင့် ဗြိတိန်နိုင်ငံအစိုးရအဖွဲ့ အကြီးအကဲများနှင့် တွေ့ဆုံမှုပြုလုပ်ရန် ဗြိတိန်နိုင်ငံသို့လည်း သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**




ကြေးမုံ

# လောကကို အလှဆင်ရာတွင်

"စိတ်သည် လောကကိုဖန်ဆင်းသည်"ဟူသောစကားသည် ဘုရားရှင်၏တရားထဲမှ အချက်တစ်ချက်ဖြစ်ပါသည်။ ဘုရားရှင်၏ တရားတော်မှာ ဤလူ့ဘောင်လောကအတွက် မှန်ကန်ကောင်းမွန်လှသဖြင့် လှိုက်လှိုက်လှဲလှဲ နှစ်သက်လက်ခံမိပါသည်။

လောကဟူသည် သဘာဝအတိုင်း မပြောင်းမလဲတည်ရှိနေသော အရာသာဖြစ်သည်။ လောကကို လှပစေခြင်း၊ မလှပစေခြင်း၊ အရုပ်ဆိုးအကျည်းတန်စေခြင်းတို့သည် လူသားတို့ကပင် ဖန်တီးခဲ့သည်မဟုတ်ပေလော။ လူသားတို့သည်လောကကို အလှဆင်သူများသာ ဖြစ်သင့်ပါ၏လော။

လူ့စိတ်၊ လူ့သဘောအရ လူအမျိုးမျိုး၊ စိတ်အထွေထွေ ရှိကြမည်မှာ မှန်သော်လည်း လောကကြီးကို သာယာလှပစေရန်အတွက်မူ ဦးတည်ချက်၊ ရည်မှန်းချက်ပန်းတိုင်များသို့ တူရူလျှောက်လှမ်းကြရာ၌ တူညီသည့်စိတ်ထားများ ထားရှိသင့်ကြပေသည်။

သာဓကအားဖြင့် အခန်းတစ်ခန်းတည်းတွင် လူလေးငါးယောက်ရှိကြသည်ဆိုကြပါစို့။ ထိုလူတို့မှာ စကားမပြောကြဘဲ တိတ်ဆိတ်စွာနေကြသော်လည်း တစ်ယောက်တစ်မျိုးစီ အတွေးနယ်ချဲ့နေကြမည်သာဖြစ်သည်။ တစ်ယောက်သောသူမှာ မိသားစုအတွက် စိုးရိမ်ပူပန်နေမည်ဖြစ်သလို အခြားတစ်ယောက်ကလည်း အလုပ်ကိစ္စတို့အတွက် တွေးတောနေမည်ဖြစ်သည်။ အခြားတစ်ယောက်ကမူ ဝင်ငွေရလျှင် ဘာဝယ်မည်ဟု စိတ်ကူးနေ၍ အခြားတစ်ယောက်ကမူ အသုံးလွန်သဖြင့် တင်ရှိနေသောအကြွေးများအတွက် ပူပန်ကောင်း ပူပန်နေမည်ဖြစ်သည်။ နောက်တစ်ယောက်ကမူ သားငယ်လေးအလုပ်အကိုင်အဆင်ပြေသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကောင်း ဖြစ်နေမည်ဖြစ်သည်။ ဤသည်မှာ လက်တွေ့နှင့်နီးစပ်သော စိတ်ကူးဥပမာဖြစ်သည်။

ဤလူငါးယောက်တို့သည် ကိုယ့်အတွေး၊ ကိုယ့်စိတ်ကူးနှင့်ကိုယ် မိမိလောကကို မိမိကိုယ်တိုင် ဖန်ဆင်းနေကြခြင်းဖြစ်သည်။ စိတ်ညစ်သူကညစ်၊ ပျော်သူကပျော်၊ ပျင်းသူကပျင်းနေမည့် အတွေးအမြင်များ တစ်ချိန်တည်း၊ တစ်နေရာတည်းတွင် ကွဲပြားခြားနားနေခြင်းဖြစ်သည်။ မျက်မှောက်ကာလ ပိုမိုထင်ရှားစွာသိလိုလျှင် အများသုံးယာဉ်များပေါ်၌ စကားမပြောဘဲ လိုက်ပါစီးနင်းကြသော ခရီးသွားအမြောက်အမြားတို့၏ အတွေးနယ်များကို သင်မှန်းဆကြည့်လျှင် သိနိုင်မည်ဖြစ်သည်။

တစ်ခရီးတည်းတွင် အတူသွားနေသော လူသားများဖြစ်ပါသော်လည်း ထိုလူသားအားလုံး၏ အတွေးများမှာ တစ်ယောက်တစ်မျိုးစီသာဖြစ်ပေလိမ့်မည်။ ဤဥပမာအတိုင်းပင် မိမိတို့၏လောကကို သာယာဖြောင့်ဖြူးသော၊ တိုးတက်ကောင်းမွန်သော လောကအဖြစ် ဖန်တီးတည်ဆောက်ကြရာ၌ တစ်လမ်းတည်း၊ တစ်ခရီးတည်းအတူလျှောက်လှမ်းနေစဉ်တွင် ကွဲပြားသော အတွေးများရှိမည်ဖြစ်သော်လည်း ဘုံရည်မှန်းချက်သို့မူ တူညီသော စိတ်ထားများဖြင့် မကွဲမပြားဘဲ အရောက်လှမ်းချီတက်ဖို့သာဖြစ်သည်။ သို့မှသာ မိမိတို့ရည်မှန်းထားသော သာယာလှပသည့် လောကကြီးကို အမြန်ဆုံးတည်ဆောက်နိုင်မည်ဖြစ်သည်။

ရည်မှန်းထားသည့် ခရီးလမ်းကို တစ်ခရီးတည်း အတူသွားနေသူ အပေါင်းတို့သည် မိမိတို့တည်ဆောက်ရမည့် လောကရည်မှန်းချက်သည်သာ အဓိကဦးတည်ချက်ဖြစ်သင့်သည်။ လက်တွေ့လောကတွင် အတူရှိနေသည့်အခါ တစ်ဦးချင်း၊ မြင်မှု၊ ကြားမှု၊ သိမှု၊ တွေးမှုဟူသည့် စိတ်ကူးယဉ်လောကတွင် ရပ်တည်မနေသင့်ဘဲ ပစ္စုပ္ပန်တည့်တည့်ကိုသာ အာရုံပြုကာ မိမိတို့၏ဦးတည်ချက်သို့ တူညီလက်တွဲသွားကြရမည်ဖြစ်သည်။ ယင်းသည် လူသားအပေါင်းတို့၏ လောကီလောက၊ လောကုတ္တရာလောကတို့ကို ဖန်တီးရာတွင် လျော်ကန်သင့်မြတ်လှသည့် မြတ်ဗုဒ္ဓ၏အဆုံးအမအတိုင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့၏ကျင့်ကြံအားထုတ်မှုတန်ဖိုးသည် စိတ်တစ်မျိုးစီဖြစ်နေသည့် စိတ်ကူးလောကတွင် ရှိမနေသင့်ဘဲ ရည်မှန်းထားသည့် လက်တွေ့လောကထဲ၌ စိတ်ကိုထားရှိခြင်းဖြင့် တစ်ချိန်ချိန်တွင် အဟုတ်ရှိ၊ အမှန်ရှိ ပရမတ္ထသဘောတရားကို ထိုးထွင်းသိမြင်နိုင်ကာ လောကအကျိုးကိုလည်းကောင်း၊ လောကုတ္တရာအကျိုးကိုလည်းကောင်း အောင်မြင်စွာ ဖန်တီးနိုင်မည့် ကောင်းမြတ်သောလူသားများအဖြစ် လောကတွင်ရပ်တည်နိုင်မည် ဖြစ်ပါသည်။ ။

## အချုပ်ခံရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ ဥပဒေပါအခွင့်အရေးများရရှိရန် ဆောင်ရွက်

**မုံရွာ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးမောင်၊ မုံရွာခရိုင်တရားသူကြီး ဦးစိုးစိုး၊ မြို့နယ်တရားသူကြီး ဒေါ်နီလာသန်းဝင်းတို့သည် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အကျဉ်းထောင်အား သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထောင်တာဝန်ခံအရာရှိ ရုံးခန်းတွင် မုံရွာအကျဉ်းထောင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးအောင်က ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများ၊ အမှုစစ်ဆေးဆဲ အချုပ်ခံရသူများ၏ အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နေရာထိုင်ခင်းနှင့် စားသောက်မှု၊ ရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့် အဖွဲ့သည် အချုပ်ခံရသူများ၏ အဆောင်များ၊ စားဖိုဆောင်၊ သောက်သုံးရေကန်တို့ကို လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ/မရှိ၊ ကျန်းမာရေး မကောင်းပါက ဆေးကုသနိုင်ရန် အခွင့်အရေး ရှိ/မရှိ၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် မတရားပြုမှု ရှိ/မရှိ၊ ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ/မရှိ၊ ဥပဒေနှင့်



မညီဘဲ မတရားဆောင်ရွက်မှု ရှိ/မရှိတို့နှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းနှင့် ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်

**ညောင်တုန်း စက်တင်ဘာ ၈**

မော်တော်ဆိုင်ကယ် စီးနင်းရာတွင် သိရှိလိုက်နာနိုင်ရန်နှင့် အသိပညာပေး ရှောင်တခင်စစ်ဆေးခြင်းကို ညောင်တုန်းမြို့ မြို့မလမ်းမတော်၊ မြို့မမီးသတ်ရှေ့နှင့် မြို့အဝင်ဂိတ်တို့၌ စက်တင်ဘာ ၁ ရက်မှစတင်ကာ နေ့စဉ်စစ်ဆေးမှုပြုလုပ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် စက်တပ်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်စီးရာတွင် အန္တရာယ်ဖြစ်မှုလျော့ပါးရေး၊ မော်တော်ဆိုင်ကယ်စီးရာတွင် ပါရှိရမည့်နံပါတ်ပြား၊ ဘက်မှန်၊ ဆိုင်ကယ်စီးဦးထုပ်များ ပါရှိစီးနင်းရေး၊ မော်တော်ဆိုင်ကယ်နှင့်ဖြစ်ပွားသည့် ယာဉ်တိုက်မှုနှင့် ဆိုင်ကယ်စီးရာတွင် လိုက်နာရမည့်အချက်များနှင့် ယာဉ်တိုက်မှုဖြစ်ပွားပါက အရေးယူခံရမည့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့်လိုအပ်ချက်ရှိသော မော်တော်ဆိုင်ကယ်များအား စစ်ဆေးကြပ်မတ်အရေးယူခြင်းနှင့် ယာဉ်အန္တရာယ်စုပေါင်း ကာကွယ်နိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်ရန်၊ ဆောင်ရန်များကို အသိပညာပေးခြင်းများနှင့် ယာဉ်စည်းကမ်းနှင့်မညီသော လိုက်နာခြင်းမရှိသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## မြစိမ်းရောင်စီမံကိန်းကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**မံစီ စက်တင်ဘာ ၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နောင်ဟူး၊ မလင်၊ စီကော်၊ ကမ်းနီနှင့် မိုင်းနောင်ကျေးရွာများသို့ စက်တင်ဘာလ ပထမအပတ်က မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် ရုံးအဖွဲ့ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာများတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်ရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လစဉ်ဆောင်ရွက်လျက်ရှိသော စာရင်းဇယားပုံစံများ စနစ်တကျထားရှိမှု၊ မှန်ကန်မှု ရှိ/မရှိကို လိုက်လံစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**




## ပုဂံညောင်ဦးရှေးဟောင်းဒေသရှိ မြေငလျင်ဒဏ်သင့်ခဲ့သော ဘုရား၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် အလှူငွေများ လှူဒါန်းနိုင်

၂၄-၈-၂၀၁၆ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့ အနောက်ဘက် ၁၂ မိုင်ခန့်အကွာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေငလျင် လှုပ်ခတ်မှုဒဏ်ကြောင့် ပုဂံနှင့် ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရား၊ စေတီပုထိုးများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါထိခိုက်ပျက်စီးခဲ့သော ဘုရား၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ပြည်တွင်း/ပြည်ပမှ ရဟန်းရှင်လူပြည်သူများအနေဖြင့် အောက်ဖော်ပြပါ အလှူခံဌာနများတွင် အလှူငွေများ လှူဒါန်းနိုင်ပါသည်-

- ဦးမျိုးတင့်အောင်
  ညွှန်ကြားရေးမှူး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲဝန်ကြီးရုံး(ယဉ်ကျေးမှု)
  သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်
  ဖုန်း ၀၆၇-၄၀၈၀၃၁၊ ၀၉-၈၆၁၇၃၄၂
- ဒေါ်ဥမ္မာအောင်
  ညွှန်ကြားရေးမှူး
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရန်ကုန်)
  ၃၂D၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
  ဖုန်း ၀၁-၅၁၃၈၉၇၊ ၀၉-၇၃၀၃၀၂၃၈၊ ၀၉-၅၀၆၁၈၃၂
- ဦးညိုမြင့်ထွန်း
  ညွှန်ကြားရေးမှူး
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)
  ၂၈ လမ်း×၇၀ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
  ဖုန်း ၀၂-၆၀၀၅၉၊ ၀၉-၂၀၁၉၀၀၄
- ဦးစိုးတင့်
  ခရိုင်အုပ်ချုပ်ရေးမှူး
  ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့
  ဖုန်း ၀၆၁-၆၀၂၆၁/၆၀၂၆၂၊ ၀၉-၄၄၂၀၀၃၀၁၂

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၇၃၂
မန္တလေး ၀၂-၈၆၁၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၃၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁

ပြည်တွင်းရေးရာ

# ထိရှလွယ်သည့်ဖြစ်စဉ်ဖြစ်၍ ရခိုင်တိုင်းရင်းသားများလက်ခံနိုင်ရန် အဓိကဖြစ် ကော်မရှင်နှင့်ပတ်သက်၍ လိုအပ်သည်များအား တပ်မတော်က ကူညီဆောင်ရွက်ပေးမည်

**နေပြည်တော် စက်တင်ဘာ ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန်အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်တိုင်းရင်းသားများအတွက် ထိရှလွယ်သည့်ဖြစ်စဉ်ဖြစ်၍ ရခိုင်တိုင်းရင်းသားများ လက်ခံနိုင်ရန်မှာ အဓိကဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ ဆန္ဒသည် အဓိကကျကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံသားဖြစ်မှုကိုသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီအရေးတို့ကိုပါ ထည့်သွင်းစဉ်းစားရကြောင်း၊ ကော်မရှင်အနေဖြင့် ဖြစ်စဉ်ဖြစ်ပေါ်ခဲ့ရသည့် အခြေအနေသမိုင်းကြောင်းနှင့်ယှဉ်၍ လေ့လာဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊ ယခု ပြဿနာသည် ဘာသာရေးကြောင့်မဟုတ်ဘဲ ဘာသာရေးကိုအခြေခံပြီး လှုံ့ဆော်နေမှုများကြောင့်ဖြစ်ကြောင်း၊ **မိမိတို့အနေဖြင့် မျှတစွာ သုံးသပ်ပြောဆိုလုပ်ဆောင်လျက်ရှိကြောင်း၊ ကော်မရှင်နှင့်ပတ်သက်၍ လိုအပ်သည်များအား တပ်မတော်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။**

မစ္စတာ ကိုဖီအာနန်က ယခုကဲ့သို့ ရှင်းလင်းပြောကြားပေး၍ မိမိအတွက် သမိုင်း အသိရပြီး အနာဂတ်ကိုမြော်မြင်နိုင်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့် ယခုကိစ္စအတွက် ဆုံးဖြတ်ချက်ပေးခြင်းမဟုတ်ဘဲ Stakeholder များ၊ နှစ်ဖက်အသိုက်အဝန်းများနှင့်တွေ့ဆုံ၍ လေ့လာသုံးသပ်ပြီး အကြံပေးခြင်း၊ အကြံပြုခြင်းများသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားဖြစ်မှု၊ မဖြစ်မှုကိစ္စတစ်ခုတည်းသာမက ဒေသဖွံ့ဖြိုးတိုးတက်မှု အပါအဝင် ဘက်စုံထောင့်စုံမှ လေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိ ရခိုင်ဒေသသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် နှစ်ဖက်အသိုက်အဝန်း၏



စိုးရိမ်ပူပန်မှုအသီးသီးကိုလည်း ကြားသိခဲ့ရပါကြောင်း၊ နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်သည် ဆက်လက်ဆောင်ရွက်သင့်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် ပြဿနာကို ပြေလည်အောင်ဖြေရှင်းနိုင်မည့် နည်းလမ်းများကို လေ့လာလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

### ❒ ရခိုင်ပြည်နယ်မှ

ရှင်းရှင်းလင်းလင်းသိလိုပါကြောင်း၊ သို့မှသာ ပြဿနာအား ချဉ်းကပ်ဖြေရှင်းရာတွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ တာဝန်ရှိသူများ၏ အတွေ့အကြုံများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံသည် နိုင်ငံအတွက် အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်၍ အလေးအနက်ထားရှိမှု၊ ကိုဖီအာနန်ဖောင်ဒေးရှင်းက ဆောင်ရွက်နေသော စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေမှုနှင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ✱ အာဆီယံမှ

တစ်ရက်ခြား တစ်ပွဲကစားရမည်ဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၁၂ ရက်တွင် အင်ဒိုနီးရှား၊ စက်တင်ဘာ ၁၄ ရက်တွင် ဩစတြေးလျ၊ စက်တင်ဘာ ၁၆ ရက်တွင် လာအိုအသင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ကမ္ဘောဒီးယား၊ စက်တင်ဘာ ၂၀ ရက်တွင် လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်း ပါဝင်သော အုပ်စုတွင် ခြေစွမ်းမြင့်မားသော အသင်းများပါဝင်နေရာ ဆီမီးဖိုင်နယ် တက်ရောက်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ တစ်အုပ်စုတည်းကျရောက်နေသည့် မြန်မာနှင့် ထိုင်းအသင်းသည် ဩဂုတ်လ နောက်ဆုံးပတ်က မန္တလေးမြို့၌ ကျင်းပခဲ့သည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင်တွေ့ဆုံခဲ့ပြီး မြန်မာအသင်းက အုပ်စုပွဲတွင် အနိုင်ရခဲ့သော်လည်း တတိယနေရာလုပွဲတွင် ပယ်နယ်တီအဆုံးအဖြတ်၌ ပြန်လည်ရှုံးနိမ့်ခဲ့သည်။

ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ ဦးစိုင်းခင်မောင်အေး၊ နည်းပြချုပ် ဦးမျိုးလှိုင်ဝင်း၊ လက်ထောက်နည်းပြ ဦးစိုးမိုးနှင့် ဦးအောင်ကျော်ထွန်း၊ ဂိုးနည်းပြ ဦးဇော်ဝင်းနိုင်၊ ကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ အောင်မျိုးထွေး၊ နောက်တန်း-ကျော်စွာဝင်း၊ ဝင်းမိုးကျော်၊ စိုးမိုးထွန်း၊ ရဲရင့်အောင်၊ သူရိန်စိုး၊ မင်းရဲထွဋ်၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ အလယ်တန်း-ဇွဲသက်ပိုင်၊ အောင်နိုင်ဝင်း၊ ဥက္ကာမောင်၊ ဝေယံ၊ မြတ်ထွန်းသစ်၊ မြင့်ထွန်းနိုင်၊ အောင်မိုးသူ၊ သက်အောင်၊ ရှေ့တန်း-ရွှေကို၊ စအောင်ပြည့်ကို၊ အောင်ကောင်းမာန်နှင့် ဇော်ပေါက်တို့ပါဝင်ကြသည်။

မြန်မာယူ-၁၉ အသင်းသည် ပြိုင်ပွဲမတိုင်မီ ပြင်ဆင်မှုအဖြစ် ကစားသမားများ နိုင်ငံတကာပွဲအတွေ့အကြုံ ရရှိစေရန် ဗီယက်နမ်၊ ထိုင်းနှင့် ဂျပန် ဒုတိယတန်းကလပ်ဆာပေါ်ရိုအသင်းတို့ပါဝင်သည့် လေးနိုင်ငံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့၌ ကျင်းပခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် ယင်းပြိုင်ပွဲမှ အတွေ့အကြုံကောင်းများကို ယခုပြိုင်ပွဲတွင် အသုံးချနိုင်ရန် လိုအပ်နေပေသည်။ **(ရှိုင်းထက်ဇော်)**

### ○ ကျောဖုံးမှ

နယ်ပယ်မှာ ပဋိပက္ခဖြေရှင်းရေး၊ လူသားချင်းစာနာ အကူအညီပေးရေး၊ ပြန်လည်သင့်မြတ် ရင်ကြားစေ့ရေး၊ ရခိုင်ပြည်နယ် နယ်မြေဒေသအတွင်း အဖွဲ့အစည်းစနစ်များ အားကောင်းစေရေး၊ ဖွံ့ဖြိုးရေးစသည့် လုပ်ငန်းနယ်ပယ်များကို အကြံပြုသွားမည်ဖြစ်ကြောင်း၊ အကြံပြုရာတွင်လည်း ဒေသခံပြည်သူလူထုထံ လက်လှမ်းမီ သွားရောက်ပြီး အကျိုးသက်ရောက်မှုရှိသည့် ဒေသခံများ၏ ပြောကြားချက်များကို နားထောင်လေ့လာကာ ပြန်လည်အကြံပြုသွားမည်ဖြစ်ကြောင်း၊ အစီရင်ခံစာတင်ရန် တစ်နှစ်အချိန်ရသဖြင့် အလောတကြီး လုပ်ဆောင်မည်မဟုတ်သကဲ့သို့ အချိန်လည်း မယူပါကြောင်း၊ စိတ်ရှည်လက်ရှည်ဖြင့် ပြည့်စုံနှံ့စပ်စွာ ခိုင်မာသည့်အစီရင်ခံစာ တင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

#### အကြိမ်များစွာ သွားရောက်မည်

ထို့ပြင် ရခိုင်ပြည်နယ်တွင်ရှိသည့် အသိုက်အဝန်းအသီးသီးအတွက် မိမိတို့လုပ်ငန်းဆောင်ရွက်မှုများ၊ အကြံပြုချက်များသည် အကျိုးရှိအထောက်အကူပြုမည်ဟု မျှော်လင့်ပါကြောင်း၊ ပထမအကြိမ် စစ်တွေသို့ ရောက်ရှိသည့်အခါ အသိုက်အဝန်းအသီးသီးက ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ သံဃာတော်ကြီးများ၏ မိန့်ကြားမှုကိုလည်း နာခံခဲ့ပါကြောင်း၊ ရခိုင်လွှတ်တော်ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့ဝင်များ၊ အသိုက်အဝန်းအသီးသီးက လူကြီးများနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ရခိုင်ကျေးရွာများသို့လည်း သွားရောက်ခဲ့ပြီး မြေပြင်အခြေအနေ ကြည့်ရှုခဲ့ပါကြောင်း၊ ယခု ရခိုင်ပြည်နယ်ခရီးစဉ်သည် ပထမအကြိမ်ဖြစ်ပါကြောင်း၊ နောက်ထပ်အကြိမ်များစွာ သွားရောက်၍ ထိတွေ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း” မစ္စတာ ကိုဖီအာနန်က ဆက်လက်ပြောကြားသည်။

#### ဆွေးနွေးရန်ဖိတ်ခေါ်

ထို့နောက် ပြည်တွင်းပြည်ပ သတင်းဌာနများ၏ မေးမြန်းချက်များအပေါ် မစ္စတာ ကိုဖီအာနန်က ကော်မရှင်အပေါ် ဆန္ဒပြမှုများကို မိမိတို့လက်ခံရမည်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့နေပြည်တော်သို့ သွားရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ လွှတ်တော်ကလည်း ကော်မရှင်ကို ထောက်ခံမဲပေးဆုံးဖြတ်ခဲ့ပါကြောင်း၊ ကော်မရှင်နှင့်ပတ်သက်၍ တွေဝေနေသူများ မိမိတို့နှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ပါကြောင်းနှင့် မိမိတို့ကလည်း တတ်နိုင်သမျှ ပြန်လည်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

#### အကြံပေးဖို့သာဖြစ်

မြန်မာတစ်နိုင်ငံလုံး အကျိုးရှိမည့် အဆိုပြုချက်များဖြစ်ပေါ်လာစေရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ ယခင်က ကော်မရှင်များရှိခဲ့သည်ကို သိရှိရပြီး ၎င်းကော်မရှင်များက ဆောင်ရွက်ခဲ့သည်များကိုလည်း ပြန်လည်တည်ဆောက်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခု ကော်မရှင်သည် မြန်မာကော်မရှင်ဖြစ်သော်လည်း နိုင်ငံတကာမှ ပါဝင်သည့်အတွက် ထူးခြားပါကြောင်း၊ အကြံပေးဖို့သာဖြစ်ပြီး ဆရာလုပ်ရန် မဟုတ်ပါကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများနှင့်လည်း ၎င်းတို့၏ နယ်နိမိတ်များကို ပိုကောင်းအောင် မည်ကဲ့သို့ ထိန်းချုပ်သွားနိုင်မည်၊ သွားလာကူးသန်းမှုနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည် စသည်ဖြင့် ကိုင်တွယ်မှုများ အားကောင်းအောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

#### လေ့လာသင်ယူနိုင်ခဲ့

အကြံပြုချက်များ အစီရင်ခံသည့်အခါ အထောက်အကူပေးရန်ဖြစ်ကြောင်း အားလုံးကို အလေးအနက်ပြောကြားလိုကြောင်း၊ ဆိုလိုသည့်သဘောမှာ တစ်ဖက်ဖက်ကို အာရုံစူးစိုက်ရုံမျှဖြင့် ပြဿနာများ မပြေလည်နိုင်ကြောင်း၊ ညှိနှိုင်းမှုဖြင့် ပြေလည်စေရန်၊ အားလုံးအတွက် အထောက်အကူဖြစ်အောင် အကြံပြုသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်၏လုပ်ငန်းသည် တစ်ပတ်သာ ရှိသေးကြောင်း၊ ယခုခရီးစဉ်သည် ပထမဦးဆုံး ခရီးစဉ်သာဖြစ်၍ ဖွံ့ဖြိုးမှုနှင့်အလုပ်အကိုင်ကိစ္စ၊ ပညာရေး၊ ဆေးဝါးကုသမှု၊ လွတ်လပ်စွာ သွားလာနိုင်မှု၊ အလုပ်အကိုင်နှင့် ရခိုင်ပြည်နယ်၏ သမိုင်းကြောင်း၊ သမိုင်းဖြစ်စဉ်များကို များစွာလေ့လာသင်ယူနိုင်ခဲ့ပါကြောင်း၊ နယ်စပ်ကူးသန်းမှုနှင့် ပတ်သက်၍ ကော်မရှင်က စူးစမ်းလေ့လာပြီး လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

#### စောင့်ကြည့်ရမည်

UNHCR နှင့်လည်း ကိစ္စရပ်များစွာ ပေါင်းစပ်ဆောင်ရွက်ခဲ့ဖူးသဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကော်မရှင်သည် လူ့အခွင့်အရေးကို စုံစမ်းရန်မဟုတ်သကဲ့သို့ လူ့အခွင့်အရေးအစီရင်ခံစာ တင်ပြရန်လည်း မဟုတ်ဘဲ အကြံပြုချက်ပေးရန် တာဝန်သာဖြစ်ကြောင်း၊ တင်းမာမှုများလျော့ပါးရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်ရန် အထောက်အကူပြုမည့် အကြံပြုချက်များ ပေးရမည့်လုပ်ငန်းတာဝန်သာဖြစ်ကြောင်း၊ ထိုသို့ အကြံပြုနိုင်၊ မပြုနိုင်ကို အစီရင်ခံစာ ထွက်ပေါ်လာသည်အထိ စောင့်ကြည့်ရမည်ဟု ပြောလိုပါကြောင်း၊ မိမိတို့၏ လုပ်ငန်းတာဝန်သည် ကောင်းမွန်သည့်အကြံပြုချက်များကို နိုင်ငံတော်အစိုးရထံ တင်ပြနိုင်ရန်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းတာဝန်ကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ၊ တမံသဘော ရေထိန်းတော။**

# ပင်လယ်နက်ဒေသ၌ အမေရိကန် ရေတပ်လေယာဉ်၏ ၁၀ ပေ အကွာအဝေးအတွင်းသို့ ရုရှားတိုက်လေယာဉ်ဝင်လာခဲ့ဟုဆို

**ဝါရှင်တန် စက်တင်ဘာ ၈**
ပင်လယ်နက်ဒေသ ဝေဟင်အတွင်း နိုင်ငံတကာလေကြောင်းပိုင်နက်၌ ပုံမှန်ကင်းလှည့်ပျံသန်းနေသော အမေရိကန်ကင်းထောက်လေယာဉ်တစ်စင်း၏ ၁၀ ပေအကွာအတွင်းသို့ ရုရှားဂျက်တိုက်လေယာဉ်တစ်စင်း ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဌာန၏ ကြေညာချက်တစ်ရပ်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားတိုက်လေယာဉ်၏ ဘေးအန္တရာယ်ကို ဖိတ်ခေါ်သော ဗျူဟာခင်းမှုကို ကြုံတွေ့ရချိန်တွင် အလွန်အမင်း စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

အမေရိကန်ရေတပ်မှ ကင်းထောက်လေယာဉ်တစ်စင်းဖြစ်သော ပီ-၈ အေ ပိုဆေဒန် အမျိုးအစား လေယာဉ်မှ ပေ ၃၀ မျှ ကွာဝေးသော နေရာအတွင်းသို့ ရုရှား အက်စ်ယူ-၂၇ ဖလန်ကာ အမျိုးအစား တိုက်လေယာဉ် ဝင်ရောက်လာခဲ့ပြီး ယင်းနောက်တွင် ၁၀ ပေမျှသာ ကွာဝေးသောနေရာအထိ တိုးလာခဲ့ကြောင်း၊ စက်တင်ဘာ ၇ ရက် ဒေသစံတော်ချိန် ၁၁ နာရီ မိနစ် ၂၀ တွင် ယင်းကြားဖြတ်ဟန့်တားမှုဖြစ်စဉ် ပေါ်ပေါက်ခဲ့ပြီး ၁၉ မိနစ်ခန့်မျှ ကြာမြင့်ခဲ့ကြောင်း အမေရိကန် ကာကွယ်ရေးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ ကြေညာချက်ကို တုံ့ပြန်လျက် ရုရှားကာကွယ်ရေးဝန်ကြီးဌာနကလည်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ပင်လယ်နက်ဒေသ ဝေဟင်အတွင်း မိမိတို့၏ လေကြောင်းပိုင်နက်ဘက်သို့ ချဉ်းကပ်လာသော အမေရိကန် သူလျှိုလေယာဉ်များကို ကြားဖြတ်ဟန့်တားနိုင်ရန် ခရိုင်းမီးယားဒေသအခြေစိုက် အက်စ်ယူ-၂၇ ဂျက်တိုက်လေယာဉ်များကို စေလွှတ်ခဲ့ရသည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။



ယခုနှစ်အတွင်း အမေရိကန်နှင့် ရုရှားအကြား စစ်လေယာဉ်များ သို့မဟုတ် စစ်ရေယာဉ်များ ထိပ်တိုက်တွေ့သည့်ဖြစ်ရပ်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ **ဆင်ဟွာ။**



# ပက်ထရီယော့ ဒုံးကျည်များဝယ်ယူရေး အမေရိကန်အစိုးရ၏ တရားဝင်ခွင့်ပြုချက်ရရန် ပိုလန်ကြိုးပမ်းမည်

**ဝါဆော စက်တင်ဘာ ၈**
အမေရိကန်ဒေါ်လာ သန်း ၅၀၀၀ တန်ဖိုးရှိ ပက်ထရီယော့ အမျိုးအစား လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ် ရှစ်ခုအား ရေသီယွန် ကုမ္ပဏီထံမှ ဝယ်ယူနိုင်ရေးအတွက် အမေရိကန်အစိုးရ၏ တရားဝင်ခွင့်ပြုချက်ရရှိရေးကို ပိုလန်က ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပိုလန်အစိုးရနှင့် အမေရိကန်အခြေစိုက် ရေသီယွန် ကုမ္ပဏီတို့က ပြောကြားကြသည်။

ပက်ထရီယော့ဒုံးကျည်များ ဝယ်ယူရရှိရေးအတွက် ပိုလန်အစိုးရ၏ တောင်းဆိုမှုသည် အရေးပါသော မှတ်တိုင်တစ်ခုဖြစ်သည်။ ဒုံးကျည်များ ဝယ်ယူရရှိပါက နေတိုးစစ်စာချုပ်အဖွဲ့ဝင် နိုင်ငံများအနက် အဆိုပါ ဒုံးကျည်အမျိုးအစားကို ပိုင်ဆိုင်သည့် ဆဋ္ဌမမြောက် နိုင်ငံဖြစ်လာမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံး အတိုင်းအတာအရ ၁၄ ခုမြောက် ပက်ထရီယော့ဒုံးကျည်ပိုင်ဆိုင်သော နိုင်ငံဖြစ်လာမည်ဟု ရေသီယွန်ကာကွယ်ရေးပစ္စည်း ကုမ္ပဏီဥက္ကဋ္ဌ ဝက်စ်ကရာမာဇ်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ ဒုံးကျည်စနစ်နှစ်ခု၏ တန်ဖိုးထက်ဝက် မနည်းသောလုပ်ငန်းများကို ပိုလန်နိုင်ငံတွင် လုပ်ဆောင်ရန် ရေသီယွန်ကုမ္ပဏီက သဘောတူညီထားကြောင်း ပိုလန်ကာကွယ်ရေးဝန်ကြီး အန်တိုနီမာစီဟာဝစ်က ဇူလိုင်လအတွင်းက ပြောကြားခဲ့သည်။

ကန်ထရိုက် စာချုပ်ရှစ်ခုနှင့် အမှာစာပေါင်း ၃၀ ကျော်တို့အား ရေသီယွန်ကုမ္ပဏီက သဘောတူလက်မှတ်ရေးထိုးရန် အသင့်ရှိနေပြီး ပိုလန်နိုင်ငံမှ ကုမ္ပဏီများကလည်း စိတ်အားထက်သန်မှုရှိကြောင်း ရေသီယွန်ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**

# ရွှေ့ပြောင်းအခြေချသူများကိုတားဆီးရန် ပြင်သစ်နိုင်ငံအတွင်း တံတိုင်းတစ်ခု ဗြိတိန် တည်ဆောက်မည်

**လန်ဒန် စက်တင်ဘာ ၈**
ဗြိတိန်နိုင်ငံအတွင်းသို့ ရွှေ့ပြောင်းအခြေချသူများနှင့် ဒုက္ခသည်များ ဝင်ရောက်မှုတားဆီးရန် အင်္ဂလိပ်ရေလက်ကြားနှင့်မျက်နှာချင်းဆိုင် ပြင်သစ်နိုင်ငံမြောက်ပိုင်းရှိ ဆိပ်ကမ်းတစ်ခုသို့သွားရောက်ရာ အဓိကအဝေးပြေးလမ်းမကြီးတစ်လျှောက် တံတိုင်းတစ်ခုတည်ဆောက်မည်ဟု ဗြိတိန်အစိုးရက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်နွေရာသီကတည်းက အရှေ့အလယ်ပိုင်းနှင့် အခြားဒေသများမှ ရွှေ့ပြောင်းအခြေချသူများနှင့်ဒုက္ခသည်များ ပြင်သစ်နိုင်ငံရှိ ကာလိုင်းစ်ဆိပ်ကမ်းမြို့ဝန်းကျင်အတွင်းသို့ တဖွဲဖွဲဝင်ရောက်လာခဲ့ပြီး ဒုက္ခသည်စခန်းတစ်ခု ဖြစ်လာခဲ့သည်။ အဆိုပါနယ်မြေအတွင်း ရွှေ့ပြောင်းအခြေချသူများနှင့်ဒုက္ခသည် ၉၀၀၀ ကျော်ရှိကြောင်း အကူအညီပေးရေးအဖွဲ့တစ်ခုက ပြောကြားသည်။ ရွှေ့ပြောင်းအခြေချသူများနှင့်ဒုက္ခသည်များက ဗြိတိန်နိုင်ငံသို့ သွားရောက်သော ရေအောက်ဥမင်လိုဏ်ခေါင်းမှတစ်ဆင့် ဖြတ်သန်းမောင်းနှင်မည့် ထရပ်ကားများကို မကြာခဏဆိုသလို ခိုကပ်တွယ်စီးရန် ကြိုးပမ်းသောကြောင့် ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်စေသည်။

အရှည် တစ်ကီလိုမီတာခန့်ရှိပြီး အမြင့် လေးမီတာရှိသော တံတိုင်းတစ်ခုတည်ဆောက်ရန် ပြင်သစ်အစိုးရထံမှ သဘောတူညီချက်ရရှိခဲ့ကြောင်း ဗြိတိန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါ ကွန်ကရစ်တံတိုင်းအတွက် ယူကေအစိုးရက စတာလင်ပေါင် ၁ ဒသမ ၉ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း ပေးချေရမည်ဖြစ်ပြီး စီမံကိန်းကို ယခုလအတွင်းစတင်မည်ဖြစ်ကာ ယခုနှစ်မကုန်မီ ပြီးစီးမည်ဟု ဗြိတိန်မီဒီယာများကဆိုသည်။

လုံခြုံရေးအခြေအနေမှာ ပိုမိုဆိုးရွားလာလျက်ရှိကြောင်း အဆိုပါဒုက္ခသည်စခန်းအနီး နေထိုင်သော ဒေသခံများက ပြောကြားသည်။ ဒုက္ခသည်စခန်းဖျက်သိမ်းခြင်းနှင့် ရွှေ့ပြောင်း အခြေချသူများနှင့်ဒုက္ခသည်များ လက်ခံခြင်းကဲ့သို့သော ထိရောက်သောစီမံချက်များလုပ်ဆောင်ရန် စောင့်ကြည့်လေ့လာသူများက တောင်းဆိုလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

# ရွှေ့ပြောင်းအခြေစိုက် နေထိုင်သူများအတွက် မြို့တော်ပါရီ၌ စခန်းနှစ်ခုတည်ဆောက်မည်

**ပါရီ စက်တင်ဘာ ၈**
ပြင်သစ်နိုင်ငံ၌ အခြေစိုက်ရန် ရောက်ရှိလာသော ရွှေ့ပြောင်းနေထိုင်သူများဦးရေ တိုးပွားလာနေသည့် ပြဿနာကို ဖြေရှင်းနိုင်ရန် ရည်ရွယ်လျက် မြို့တော်ပါရီ၌ စခန်းနှစ်ခု ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

စစ်ဘေးဒဏ်မှ လွတ်မြောက်ရန်နှင့် ဆင်းရဲတွင်းမှလွတ်မြောက်ရေးအတွက် ပြည်ပ၌ တက်လမ်းရှာဖွေရန် ရည်ရွယ်ချက်ဖြင့် ပြင်သစ်နိုင်ငံသို့ ရောက်ရှိလာကြသော ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများသည် ပါရီမြို့ လမ်းများပေါ်တွင် အိပ်စက်နေကြရကြောင်း၊ ၎င်းတို့ နေထိုင်နိုင်မည့် စခန်းနှစ်ခုကို အောက်တိုဘာလထက် နောက်မကျဘဲ တည်ဆောက်သွားမည်ဖြစ်ကြောင်း ပါရီမြို့တော်ဝန်က ပြောကြားသည်။

ကာလိုက် ပင်လယ်ဆိပ်ကမ်းအနီး၌ တည်ရှိသော ပျံကျရပ်ကွက်ကို ဖျက်သိမ်းပေးရန် အစိုးရအဖွဲ့ကို ဖိအားပေးမှု မြင့်တက်လာချိန်တွင် ရွှေ့ပြောင်း အခြေစိုက်နေထိုင်သူများအတွက် စခန်းနှစ်ခု တည်ဆောက်ရန် စီစဉ်ခြင်းဖြစ်သည်။

ကာလိုက် ပျံကျရပ်ကွက် တည်ရှိနေခြင်းကြောင့် ရာဇဝတ်ပြစ်မှုများ တိုးပွားလာနေပြီး ဒေသန္တရ စီးပွားရေးလုပ်ငန်းကို ထိခိုက်စေသည်ဟု ဒေသခံပြည်သူများက ဝေဖန်ပြောဆိုခဲ့ကြသည်။

အမျိုးသားများအတွက် စခန်းတစ်ခု၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် စခန်းတစ်ခုတို့ကို တည်ဆောက်မည်ဖြစ်ပြီး ပထမဆုံးသော စခန်းကို အောက်တိုဘာလလယ်တွင် ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ကြောင်း ပါရီမြို့တော်ဝန် အန်းဟိဒါဂိုက ပြောကြားသည်။ **ရိုက်တာ။**

# ပြုံယမ်း၏ဒုံးလက်နက်စမ်းသပ်မှုအပေါ် အာဆီယံခေါင်းဆောင်များနှင့် အရှေ့အာရှနိုင်ငံခေါင်းဆောင်များ စိုးရိမ်

**ဗီယင်ကျန်း စက်တင်ဘာ ၈**
အာဆီယံနိုင်ငံခေါင်းဆောင်များအပါအဝင် အရှေ့အာရှနိုင်ငံခေါင်းဆောင်များက မြောက်ကိုရီးယားနိုင်ငံ၏ တာဝေးပစ်ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုများနှင့် ပတ်သက်ပြီး ၎င်းတို့အနေဖြင့် အလွန်အမင်း စိုးရိမ်ပူပန်မှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

စက်တင်ဘာ ၈ ရက် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင်ကျင်းပသော အရှေ့အာရှထိပ်သီးအစည်းအဝေးပွဲတွင် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အရှေ့ အာရှနိုင်ငံခေါင်းဆောင်များက ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

ယင်းထုတ်ပြန်ချက်တွင် မတ်လက ပြုံယမ်း၏ နျူလက်နက်စမ်းသပ်မှုဟုယုံကြည်ရသော တာဝေးပစ်ဒုံးလက်နက်လွှတ်တင်မှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပြစ်တင်ဝေဖန်ချက်ကို ထောက်ခံပါကြောင်း ဖော်ပြထားသည်။

ထို့ပြင် အဆိုပါထုတ်ပြန်ချက်က မြောက်ကိုရီးယားအား နျူလက်နက်များ ဆက်လက်ထုတ်လုပ်မှုအပါအဝင် ဒုံးလက်နက်အစီအစဉ်များကို အပြီးတိုင်ရပ်တန့်ပစ်ရန်နှင့် ကမ္ဘာ့နိုင်ငံများကျင့်သုံးနေသည့် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်တိုက်တွန်းထားကြောင်းသိရသည်။ ပြုံယမ်း၏ နျူလက်နက်စမ်းသပ်မှုတစ်ရပ်ဖြစ်ဖွယ်ရှိသည့် ဒုံးလက်နက်များ ပစ်လွှတ်မှုအပေါ် အလွန်အမင်းစိုးရိမ်ပူပန်ရကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ပါရှိသည်။

မြောက်ကိုရီးယား နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်နှင့်ပတ်သက်ပြီး ၂၀၀၅ ခုနှစ် ခြောက်နိုင်ငံပူးတွဲကြေညာချက်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကြေညာချက်များအတွက် ပြည့်ဝသော အကောင်အထည်ဖော်ဆောင်မှုရှိစေရန် ယင်းကြေညာချက်က တိုက်တွန်းထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကိုကာကွယ်ပေးရေးဥပဒေကြမ်း လွှတ်တော်တွင် တင်သွင်း

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာစေရန်၊ မည်သူမျှပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုတို့ကို နစ်နာဆုံးရှုံးမှုမရှိစေရန်၊ နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာ လုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဘဝလုံခြုံမှုများရရှိစေရန်ဆိုသည့် ရည်ရွယ်ချက်ကောင်းတို့ဖြင့် ရေးဆွဲထားသည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သည်။

ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့တွင် ဥပဒေကြမ်းကော်မတီကိုယ်စား ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်းက အဆိုပါ ဥပဒေကြမ်းကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဥပဒေကြမ်းတွင် နိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ရာတွင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ဘဝလုံခြုံမှုတို့ကို လုံလောက်သော အကာအကွယ်များ တာဝန်ခံပေးအပ်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်၏ လိုအပ်ချက်များနှင့်အညီ ဤဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ကြောင်း ဥပဒေကြမ်း၏ ကျိုးကြောင်းဖော်ပြချက်တွင် ပါရှိသည်။

အစည်းအဝေးတွင် ပုဇွန်တောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၏ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားမဒုတိယအယူခံမှု/ ပြင်ဆင်မှု/ရာဇဝတ်အယူခံမှု/ပြင်ဆင်မှု (တစ်ပါးထိုင်)အမှုများကို အထက်မြန်မာပြည်အတွက် မန္တလေးမြို့၌လည်းကောင်း၊ အောက်မြန်မာပြည်အတွက် ရန်ကုန်မြို့၌ လည်းကောင်း ရုံးထိုင်စစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်က ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၀ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နေပြည်တော်တွင် ရုံးထိုင်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်ပြီး နောက်ဆုံးအဆင့်ဖြစ်သည့် အယူခံမှုများ၊ ပြင်ဆင်မှုများကို ရုံးထိုင်ကြားနာခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခြားဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများကဲ့သို့ နေပြည်တော်တွင်ရုံးထိုင်၍ အမှုတွဲများကို စစ်ဆေးစီရင်ခြင်းဖြစ်ပါကြောင်း၊ နေပြည်တော်သည် မြန်မာနိုင်ငံ၏ ဗဟိုအချက်အချာ အလယ်ဗဟိုတွင်ရှိသည့်အတွက် အထက်ဒေသများဖြစ်သည့် ကချင်၊ ရှမ်း



ဦးမြင့်လွင်



ဒေါ်ယဉ်မင်းလှိုင်

စသည့်ဒေသများ၌ လည်းကောင်း၊ အောက်ပိုင်းဒေသများဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးနှင့် အခြားဒေသများသည်နေပြည်တော်သို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပါကြောင်း၊ လက်ရှိအခြေအနေတွင် တိုင်းဒေသကြီး တရားလွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်များ ရုံးထိုင်ရာဒေသဖြစ်သည့် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် ရုံးထိုင်စစ်ဆေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၏ ဆက်သွယ်ရေး တာဝါတိုင်ကန်ထရိုက်ရရှိသော ကုမ္ပဏီအချို့သည် ချမှတ်ထားသော စာချုပ်ပါစည်းကမ်းများတိကျစွာ လိုက်နာမှုမရှိဘဲ တာဝါတိုင်တွင် အသုံးပြုထားသော မီးစက်များမှ ဆူညံသံကြောင့် ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှ ကိုယ်တိုင်ကွင်းဆင်းလေ့လာစစ်ဆေးပြီး ဆူညံမှုများ လျော့နည်းသက်သာစေရန် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြည်တွင်း/ပြည်ပအော်ပရေတာများ အနေဖြင့် မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့် တာဝါတိုင်များတည်ဆောက်ရာတွင် လျှပ်စစ်မီးရရှိနိုင်သည့်နေရာများ ပါဝင်သကဲ့သို့ လျှပ်စစ်မီးမရရှိသော နေရာများလည်း ပါဝင်ကြောင်း၊ လျှပ်စစ်မီးမရရှိသော နေရာများတွင် မြေနေရာ လုံလောက်မှုရှိပါက နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ကို အသုံးပြုသော်လည်း မီးစက်များအား အရန်ဓာတ်အားပေးစနစ်အဖြစ် အသုံးပြုနေရပါကြောင်း၊ မီးစက်များကို အသုံးပြုရမည်ဆိုပါက ဆူညံသံလျော့နည်းသည့် Sound Proof အမျိုးအစား မီးစက်များအား အသုံးပြုလျက်ရှိပါကြောင်း၊ မီးစက်များမှ ဆူညံသံကြောင့် ပတ်ဝန်းကျင် အနှောင့်အယှက်မဖြစ်စေရန် နေ့ပိုင်းအချိန်တွင် မောင်းနှင်စေပြီး ညပိုင်းအချိန်တွင် Battery Bank များဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ မီးစက်ဆူညံသံကြောင့် တိုင်ကြားမှုများရှိလာပါက ကွင်းဆင်းစစ်ဆေး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားသည်။

မိုးကောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၏ မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် စုန်/ဆန်ပြေးဆွဲလျက်ရှိသည့် မြန်မာ့မီးရထားမှ လူစီးတွဲများအား ပိုမိုကောင်းမွန်သည့် တွဲဆိုင်းများဖြင့် အစားထိုးပေးရန်နှင့် မီးရထားဝန်ထမ်းများအတွက် ပြည်သူ့ဆက်ဆံရေးသင်တန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြစ်ငယ်စက်ရုံမှ အသစ်တည်ဆောက်ပြီးစီးသည့် ခေတ်မီအိပ်စင် (၁)တွဲစီကို အမှတ်(၅၅)အဆန်နှင့် အမှတ်(၅၆)အစုန်ရထား တွဲဆိုင်း (၃)ဆိုင်းတွင် ထပ်မံဖြည့်စွက်ချိတ်ဆက်ပေးမည့်အပြင် အဆင့်မြှင့်ပြုပြင်၍ ထွက်ရှိလာသည့် ရိုးရိုးတန်းအသစ်(၁)တွဲစီကိုလည်း လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ EDCF ချေးငွေ အမေရိကန်ဒေါ်လာ (၄၅)သန်းဖြင့် ခေတ်မီလေအိတ်ဘိုဂီတွဲသစ်(၁၀၀) ဝယ်ယူရေး ဆောင်ရွက်လျက်ရှိရာ တွဲဆိုင်းများရောက်ရှိလာပါက ကိုရီးယားတွဲသစ်(၃၆)တွဲကို မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် အစားထိုးပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ မြစ်ငယ်စက်ရုံတွင် ကိုရီးယားလူစီးတွဲဟောင်း(၄၀)အား သက်တမ်းဝက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ထွက်ရှိလာသည့်လူစီးတွဲသစ်များမှ (၆)တွဲအား အဆိုပါလမ်းပိုင်းတွင် အစားထိုးလဲလှယ် ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်း လုပ်ငန်းစွမ်းဆောင်ရည်နှင့် ပြည်သူ့ဆက်ဆံရေးအတွက် ဂျပန်နိုင်ငံမှ သင်တန်းဆရာဖြင့် အရာရှိနှင့် ကြီးကြပ်ရေးအဆင့် ဝန်ထမ်းများအား (၈)ကြိမ်၊ (The Oversea Human Resources and Industry Development Association – HIDA) မှ အရာရှိနှင့် ကြီးကြပ်ရေးအဆင့်ဝန်ထမ်းများအား (၂)ကြိမ်၊ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်) ရုံးတွင် အရာရှိအဆင့်နှင့် ကြီးကြပ်ရေးအဆင့်ဝန်ထမ်းများအား(၂) ကြိမ်သင်တန်းပို့ချခဲ့ပြီး အဆိုပါသင်တန်းတက်ရောက်ခဲ့သည့်သူများက ဆင့်ပွားသင်တန်းပို့ချပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# ပညာရေးကို ပြုပြင်ပြောင်းလဲရေးအသွင်တစ်ရပ်အနေဖြင့် ဆောင်ရွက်သင့်ကြောင်း အမျိုးသားလွှတ်တော်တွင် ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော် အစိုးရအနေဖြင့် တိုင်းရင်းသား မျိုးနွယ်စုအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်နှင့် တောင်ပေါ်ဒေသနေ တိုင်းရင်းသားလူမျိုးများကို ယခုထက်ပို၍ အဆင့်မြင့်ပညာဆည်းပူးလေ့လာခွင့်ရစေရန် ဆောင်ရွက်ပေးသင့်ကြောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦးက ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး၌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးခင်အောင်မြင့်၏ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ချက်များကြောင့် စာမတတ်သူပပျောက်သည့် ဦးရေလျော့နည်းလာသော်လည်း အသက် ၁၅ နှစ်အထက် တစ်နိုင်ငံလုံး စာမတတ်သူ ၃ ဒသမ ၅ သန်းခန့်ရှိသည့် အနက် ၃ သန်းခန့်မှာ ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်ကြခြင်း၊ တစ်နိုင်ငံလုံးတွင် ၅ နှစ် အထက် ကျောင်းမနေသူ ၄ ဒသမ ၈ သန်းခန့်ရှိပြီး ၁ ဒသမ ၃ သန်းခန့်မှာ ၅ နှစ်မှ ၁၈ နှစ်အထိ ကလေးသူငယ်များ ဖြစ်ကြခြင်း၊



ဦးဟန်ဝင်းသိန်း

ပြည်တွင်းရွှေ့ပြောင်းအလုပ်သမား ဦးရေ ၉ ဒသမ ၃ သန်းခန့်ရှိနေခြင်းနှင့် တိုက်ပွဲရှောင်များ ရှိနေခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပုံမှန်သင်ကြားမှု အစီအစဉ်မဟုတ်သည့် (Non Formal Primary Education – NFPE) အစီအစဉ်ကို ယခုထက်ပို၍ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးသည်။

ထို့ပြင် ပြည်တွင်းငြိမ်းချမ်းရေးမရှိဘဲ ဒီမိုကရေစီကို တည်ထောင်၍ မရသကဲ့သို့ ဒီမိုကရေစီမရှိဘဲနှင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်၍ မရနိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးသည် တရားဥပဒေစိုးမိုးမှုအောက်တွင် ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ ငြိမ်းချမ်းရေးကို ပါဝင်ဆောင်ရွက်နေသူအားလုံး ပူးပေါင်းပါဝင်လုပ်ဆောင်မှသာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာသင်ကြားနိုင်ရေး၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ပညာရပ်များ သင်ယူနိုင်ရေးနှင့် တိုင်းရင်းသား စာပေထွန်းကားရေးတို့ကို စဉ်ဆက်မပြတ် အားပေးမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဆက်လက်ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းက အဆိုကို ပါဝင်ဆွေးနွေးကြသည့် ကိုယ်စားလှယ် အရေအတွက်ကို ကြည့်ခြင်းအားဖြင့် ပညာရေးလိုအပ်ချက်သည် မိမိတို့တိုင်းပြည်တွင် အလွန်အရေးကြီးကြောင်းနှင့် ပညာရေးနှင့်ပတ်သက်၍ ပြည်နယ်/ပြည်မတန်းတူရပိုင်ခွင့်ရရှိရေးသည် အလွန်လိုအပ်သည်မှာ သိသာထင်ရှားနေပါကြောင်း၊ မည်သည့်တိုင်းရင်းသားဖြစ်စေ ဝေးလံခေါင်သီသည့် နေရာများတွင် စာမတတ်သူအရေအတွက် ပိုမိုများပြားပါကြောင်း၊ ပညာရေးကို ပြုပြင်ပြောင်းလဲရေး အသွင်တစ်ရပ်အနေဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ တိုင်းပြည် ပြုပြင်ပြောင်းလဲရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုသည် အဓိကအကျဆုံးသော အရင်းအနှီးတစ်ခုဖြစ်ပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုသည် စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများသာမက စစ်ရေးနှင့် နိုင်ငံရေးတို့ကိုပါ အထောက်အပံ့ပြုပါကြောင်း၊ လူသားသယံဇာတများ ထုတ်ယူသုံးစွဲနိုင်ရန် ပညာရေးကို ရင်းနှီးမြှုပ်နှံသင့်ပါကြောင်း၊ အဆိုကို မှတ်တမ်းအဖြစ်ထားရှိသင့်ကြောင်း ဆွေးနွေးသည်။



ဦးနိုင်သီဟ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟက စာပေသည် ဘာသာစကား၊ ယဉ်ကျေးမှုတို့၏ မှတ်တိုင်ဖြစ်ပါကြောင်း၊ စာပေနှင့် ဘာသာစကားသည် လူမျိုးတစ်ဦး၏ အသက်ပင်ဖြစ်ကြောင်း၊ စာပေနှင့် ဘာသာစကား ပျောက်ကွယ်သွားပါက လူမျိုးတိမ်ကော ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း၊ လူမျိုးတစ်မျိုး ရပ်တည်နေထိုင်နိုင်ရေးသည် စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့အပေါ်တွင် မူတည်ပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံနေထိုင်သည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသား မိခင်ဘာသာစကားနှင့် စာပေသင်ကြားခွင့်ရရှိရေးသည် နိုင်ငံရေးအရသော်လည်းကောင်း၊ ပညာရေးအရသော်လည်းကောင်း အထူးအလေးပေးသင့်ပါကြောင်း၊ ပြည်တွင်းစစ်မီးတောက်လောင်ခြင်းတွင် ပညာရေးမူဝါဒများ လက်တွေ့ဆောင်ရွက်ခြင်းသည်လည်း ပါဝင်ကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားပညာရေးကျောင်းများသည် ပုံစံအမျိုးမျိုးဖြင့် ရှိပါကြောင်း၊ မွန်ပြည်နယ်ရှိ မွန်အမျိုးသားစာသင်ကျောင်းများ၌ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာများကို အစိုးရ သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားနေသည့်ကျောင်းများဖြစ်ပြီး မွန်ဘာသာစကားကိုလည်း ထည့်သွင်းသင်ကြားပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါအမျိုးသားကျောင်းများကို တရားဝင်အသိအမှတ်ပြုပြီး ပညာရေးရန်ပုံငွေချထားခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ နန်းမိုးမိုးထွေးက အဆိုရှင်အနေဖြင့် ဝေးလံခေါင်သီသည့်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝရခိုင်မြဲရေးတို့ကို ရည်ရွယ်သည့်အတွက် ဝမ်းမြောက်ရပါကြောင်း၊ တောင်ပေါ်ဒေသများ၌သာမက မြေပြန့်ဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများရှိ တိုင်းရင်းသားလူမျိုးများသည်လည်း အခွင့်အလမ်းနည်းပါးနေပါကြောင်း၊ ထို့ကြောင့် ထိုဒေသများရှိ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးတို့သည် များစွာ နောက်ကျကျန်နေပါကြောင်း၊ အဆိုရှင်၏ စာမတတ်သူပပျောက်ရေးဟူသည့်အချက်သည် အကောင်အထည်ဖော်ရန် လွန်စွာခက်ခဲပါကြောင်း၊ အဆိုကို မှတ်တမ်းတင်သင့်ကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁) မှ ဦးကျော်နီနိုင်က တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်သည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကထားရမည့် အမျိုးသားရေးဖြစ်သည့်အတွက် ပညာရေး၊ ကျန်းမာရေးစသည်တို့တွင် တန်းတူညီမျှရရှိရန် အရေးကြီးပါကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုများတွက် အဆင့်မြင့်ပညာသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားနိုင်ရေး၊ တောင်ပေါ်ဒေသနေ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရန် ပိုမိုဆောင်ရွက်ပေးသင့်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားအားလုံးတန်းတူ အခွင့်အရေးရရှိရေးအတွက် ဆောင်ရွက်ပေးသင့်ကြောင်း၊ နိုင်ငံနှင့်လူမျိုးကိုချစ်သည့်စိတ် ကိန်းအောင်းလာရန်နှင့် နိုင်ငံလုံခြုံရေးကို အသိပညာဖြင့်ထိန်းကျောင်းနိုင်ရန် အဆင့်မြင့်ပညာသင်ကြားနိုင်ရေးကို အားပေးဆောင်ရွက်သင့်ကြောင်း၊ ဝေးလံခေါင်သီသည့်ဒေသများရှိ တိုင်းရင်းသားများကို ပညာရေးအားပေးမှုလိုအပ်နေသည့်အပြင် ကျန်းမာရေးကိုလည်း အစဉ်ဂရုစိုက်သင့်ပါကြောင်း၊ သို့မှသာ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် တိုင်းရင်းသားများအနေဖြင့် တစ်ထောင့်တစ်နေရာမှ တာဝန်ယူထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အဆိုကိုထောက်ခံကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့က ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# စာမတတ်သူကင်းမဲ့သော ကမ္ဘာမြေဆီသို့

မောင်ခိုင်မာ(အထက်မင်းလှ)

နှစ်စဉ်စက်တင်ဘာလ ၈ ရက်နေ့သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဖြစ်သည်။ စာမတတ်ခြင်းသည် အကြင် နိုင်ငံတစ်ခု၊ အဖွဲ့အစည်းတစ်ခုအတွက် စီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ နစ်နာဆုံးရှုံးမှုများနှင့် ကြုံတွေ့ရပြီး ဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးစေပါသည်။ ဥပမာ-စာမတတ်သော အလုပ်သမားများကြောင့် ကုန်ထုတ်စွမ်းအား နိမ့်ကျစေခြင်း၊ လုပ်ငန်းခွင်မတော်တဆထိခိုက်စေခြင်း၊ ထုတ်ကုန်အရည်အသွေး ညံ့ဖျင်းခြင်းတို့ ဖြစ်တတ်ပါသည်။ သင်တန်းပေးခြင်း၊ ပညာသင်ကြားပေးခြင်းတို့ဖြင့် လုပ်အား၏အရည်အသွေးကို တိုးတက်မြင့်မားအောင် လုပ်ဆောင်နိုင်သောကြောင့် လူ့အရင်းအမြစ် အင်အားစုများအဖြစ် အသိအမှတ်ပြုလက်ခံသကဲ့သို့ ပညာရေးအပေါ် ရင်းနှီးမြှုပ်နှံမှုကို လူသားအရင်းအမြစ်အပေါ် ရင်းနှီးမြှုပ်နှံမှုဟု အသိအမှတ်ပြုကြပါသည်။ တစ်ဖက်တွင်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်း (Human Development Index -HDI) တွက်ချက်ရာတွင် မျှော်မှန်းသက်တမ်း၊ သက်ကြီးစာတတ်မြောက်မှုအချိုးအစား (Adult Literacy ratio) မူလတန်း၊ အလယ်တန်း၊ အထက်တန်း စုစုပေါင်းကျောင်းထားမှု၏ အချိုးအစားနှင့် ဝင်ငွေတို့ကိုပါ ထည့်သွင်းတွက်ချက်ရသဖြင့် စာတတ်မြောက်ခြင်း၏အရေးပါမှုကို တွေ့မြင်ရမည်ဖြစ်ပါသည်။

စာမတတ်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို ဖယ်ရှားနိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ ယူနက်စကိုအဖွဲ့ကြီးက နှစ်ပေါင်းများစွာကတည်းကပင် ကမ္ဘာနှင့်အဝန်း စာမတတ်သူပပျောက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ အတိအကျဆိုရပါလျှင် ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီးက ကြီးမှူး၍ အီရန်နိုင်ငံ တီဟီရန်မြို့၌ နိုင်ငံပေါင်း ၈၉နိုင်ငံမှ ပညာရှင်များ စုံညီစွာတက်ရောက်ကြသည့် "နိုင်ငံတကာစာတတ်မြောက်ရေးကွန်ဂရက်" တစ်ရပ်ကို ကျင်းပကာ စာမတတ်သူပပျောက်ရေးကို ဆွေးနွေးအဖြေရှာခဲ့ကြသည်။ စာမတတ်သူများ၏ ဘဝအခြေအနေကို တွက်ဆကြသည်။ စာမတတ်ရသည့် အကြောင်းရင်းကို စူးစမ်းကြသည်။ နောက်ထပ်စာမတတ်သူဦးရေတိုးပွားလာခြင်းမရှိစေရန် နည်းလမ်းရှာကြံကြသည်။ ယင်းနေ့ကို အစွဲပြုပြီး နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့ (International Literacy Day-ILD) အဖြစ် လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်ကို "နိုင်ငံတကာစာတတ်မြောက်ရေးနှစ်"အဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကို "ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်"အဖြစ်လည်းကောင်း သတ်မှတ်ခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်က ထိုင်းနိုင်ငံတွင် လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံတစ်ရပ်ကို ယူနက်စကို၊ ယူနီဆက်၊ ကမ္ဘာ့ဘဏ် စသောအဖွဲ့များက ဦးဆောင်ပြီး နိုင်ငံပေါင်း ၁၅၅ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၁၅၅၀ ဖြင့် ကျင်းပခဲ့ပြီး ထိုညီလာခံမှပင် "အားလုံးအတွက် ပညာရေး-(Education for All)"ဟူသော ဆောင်ပုဒ်ကို ချမှတ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက တစ်ကမ္ဘာလုံး စာတတ်မြောက်ရေးကို အခြေခံလူ့အခွင့်အရေးအဖြစ် သတ်မှတ်ပြီး လူသားတိုင်းအနေဖြင့် ဘဝတစ်လျှောက်လုံး လေ့လာသင်ကြားနိုင်ရေးကို ဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

ယနေ့ကမ္ဘာကြီးဝယ် စာတတ်မြောက်မှုအခြေအနေကို လေ့လာဆန်းစစ်ရာ သက်ကြီး သန်း ၇၀ ကျော်မှာ အရေး၊ အဖတ်၊ အတွက်ဟူသော အခြေခံစာတတ်မြောက်မှု မရှိကြောင်း၊ ကလေးဦးရေ သန်း ၆၀ ခန့်မှာ အခြေခံမူလတန်း အဆင့်ကို မသင်ကြားနိုင်ဘဲ ကလေးဦးရေ သန်း ၆၀ ကျော်မှာ ကျောင်းပြင်ပတွင်ရှိနေကြကြောင်း၊ ကလေးဦးရေ သန်း ၂၅၀ ခန့်မှာ အခြေခံပညာမူလတန်းကိုပင် ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိသေးကြောင်း သိရပါသည်။ ကလေးလူငယ်များ စာသင်ကျောင်းပြင်ပသို့ ရောက်ရှိနေခြင်းသည် သက်ကြီးစာမတတ်မြောက်မှုသို့ ဦးတည်နေသည့်အပြင် ကျောင်းသားလူငယ်အချို့သည် ကျောင်းမှန်မှန်မတက်၊ အချို့မှာ ကျောင်းမှ စောစောထွက်သွားကြသဖြင့် စာမတတ်သူများအဖြစ်သို့ ရောက်သွားကြပေမည်။

> **လူ့ဘောင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် "အ" သုံးလုံးကျေအခြေခံဖြင့် အဘက်ဘက်မှ နှံ့စပ်သိမြင်သော နိုင်ငံသားအရေအတွက် တိုးပွားများပြားလာပြီး စာမတတ်သူကင်းမဲ့သော ကမ္ဘာမြေဆီသို့ ချီတက်ကြဖို့ လိုအပ်ပါကြောင်း။**

ယနေ့ကမ္ဘာကြီးကို စာမတတ်ခြင်းဟူသော မသိမှု (Ignorance)၊ ရောဂါဘယထူပြောမှု(Diseases) နှင့် ဆင်းရဲမှု (proverty) တို့က စိန်ခေါ်နေကြောင်း၊ ၎င်းတို့က လောက၏ အဆိုးသံသရာ (Vicious circle) ကို ဖြစ်ပေါ်စေကြောင်း၊ အဆိုးသံသရာကို နေရာတစ်နေရာမှ အစပြု၍ ဖြတ်တောက်ရမည်ဖြစ်ကြောင်း၊ ထိုနေရာမှာ "မသိမှု" နေရာဖြစ်ကြောင်း၊ မသိမှု (စာမဖတ်တတ်မှု၊ စာမရေးတတ်မှု၊ မတွက်ချက်တတ်မှု) သည် လူသားတစ်ယောက် အနိမ့်ဆုံးချို့တဲ့နေသည့် ကျွမ်းကျင်မှုစွမ်းရည်ဖြစ်ကြောင်း၊ ထိုစွမ်းရည်ကိုရရှိပါက အဆိုးသံသရာမှ ရုန်းထွက်နိုင်ကြောင်း၊ စာတတ်မြောက်ရေးကို ဆောင်ရွက်ရာတွင်လည်း စာတတ်မြောက်ရေးသက်သက်ကိုသာ မဆောင်ရွက်ဘဲ 'အ'သုံးလုံးကျေ အခြေခံဖြင့် "အကျိုးပြုစာတတ်မြောက်ရေး-(Functional Literacy)" အဖြစ်သို့ ရောက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ရောဂါဘယကာကွယ်ရေးအသိ၊ ကုသရေးအသိ၊ ကုသရေးအမြင်တို့ကို ဆက်စပ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် အသိပညာပေးမှု၊ လေ့ကျင့်ပညာပေးမှုတို့ကို ကောင်းစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဤသို့ဆောင်ရွက်ခြင်းသည် အဆိုးသံသရာမှ ရုန်းကန်လှုပ်ရှားလွတ်မြောက်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်းတို့ကို ဆရာကြီး ဦးသန်းဦးက ဆိုပါသည်။

စာတတ်မြောက်သဖြင့် ရရှိသည့် အကျိုးကျေးဇူးများအတွက် အာဖရိကနိုင်ငံအချို့အား ညွှန်းဆိုကြပါသည်။ ၎င်းနိုင်ငံများမှ ကျေးရွာအချို့တွင် စာတတ်မြောက်လာကြသည့် ဆယ်ကျော်သက်အမျိုးသမီးငယ်များသည် အိမ်ထောင်စောစောမပြုတော့ဘဲ အိမ်ထောင်ပြုလျှင်လည်း "မိသားစုစီမံကိန်း"ဖြင့် သားသမီးအရေအတွက် ကန့်သတ်၍ ရယူလာကြကြောင်း၊ မွေးဖွားလာသည့် ကလေးငယ်များကိုလည်း ကျန်းမာရေးအသိပညာပေး အစီအစဉ်မှတစ်ဆင့် လိုက်နာပြုစုပျိုးထောင်လာကြကြောင်း၊ ကျောင်းများတွင် ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျား၊ မ အိမ်သာခွဲခြား ဆောက်လုပ်လာကြကြောင်း စသည်ဖြင့် လေ့လာတွေ့ရှိရပါသည်။

စာရေးသူတို့နိုင်ငံတွင် မိတ္ထီလာခရိုင် အရှေ့စံပြကျေးရွာတွင် စာမတတ်သူပပျောက်ရေး 'အ'သုံးလုံးကျေသင်တန်းကို ကံ့ဘဲ့ဆရာအတတ်သင်သိပ္ပံ (ရန်ကင်းပညာရေးကောလိပ်) မှ သင်တန်းသားလေးဦးတို့က စေတနာ့ဝန်ထမ်းလုပ်အားပေး ဆောင်ရွက်ကြရာမှ အစပြုပြီး ၁၉၆၅ ခုနှစ်မှ စတင်ကာ 'အ'သုံးလုံးကျေသင်တန်းများကို နိုင်ငံတစ်ဝန်းဖြန့်ကြက်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့်သာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သီးခြားရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းမဟုတ်ကြောင်းတို့ကို ဦးသောင်းထွန်း (ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအငြိမ်းစား) ပြုစုသည့် Burmese Way to Literacy-1980 စာတမ်းအား အနောက်ဘာလင်၊ ယူနက်စကို၊ အိုင်စီအေအီး၌ ကျင်းပသော ညီလာခံတွင် ကိုယ်တိုင်တင်သွင်းခဲ့သည်ဖြစ်၍ မြန်မာ့စာတတ်မြောက်ရေးလှုပ်ရှားမှုသည် ကမ္ဘာသိဖြစ်ခဲ့ရကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ၁၉၆၉ ခုနှစ် စက်တင်ဘာ ၈ ရက်နေ့တွင် မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် "စာမတတ်သူပပျောက်ရေး"၊ "လူတိုင်းစာတတ်မြောက်ရေး" ကို တက်ကြွစွာ ဆောင်ရွက်နေသည်ဖြစ်၍ ကမ္ဘာ့ကုလသမဂ္ဂ၊ ယူနက်စကိုတို့မှ ချီးမြှင့်သည့် နိုင်ငံတကာစာတတ်မြောက်ရေးဆုအဖြစ် ၁၉၇၁ ခုနှစ် စက်တင်ဘာ ၈ ရက်နေ့တွင် "မိုဟာမက်လီဇာ ပါလာဗီဆု" နှင့် ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် "နိုမာဆု" တို့ကို ချီးမြှင့်ခြင်းခံခဲ့ရကြောင်း လေ့လာသိရှိရပါသည်။ ဤဆုများသည် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးကြိုးပမ်းမှုသမိုင်းစဉ်တွင် မြန်မာ့ဂုဏ်ဆောင် ကမ္ဘာ့မှတ်တမ်းဝင်အောင်ပွဲများလည်း ဖြစ်ပါသည်။

၂၀၀၀ ပြည့်နှစ် ကုလသမဂ္ဂဆောင်ပုဒ်ဖြစ်သော "အားလုံးအတွက်ပညာရေး"ဟူသည်မှာ ကလေး၊ လူငယ်နှင့် လူကြီးအားလုံး လူသားတိုင်းအတွက် လိုအပ်သော ပညာရေးဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် လူတိုင်းစာတတ်မြောက်ရေးအတွက် စာမတတ်သူ ပြည်သူတစ်ရပ်လုံး စာတတ်မြောက်ရေး၊ အတွေးအခေါ်သစ်များနှင့် မှန်ကန်သော သဘောထားများကို ပိုမိုရင့်သန်လာစေရေး၊ လူ့ဘဝ လူ့အမြင် ပိုမိုကျယ်ပြန့်လာစေရေး၊ ရပ်ရွာလူမှုရေးလုပ်ငန်းများတွင် ပိုမိုတက်ကြွစွာပါဝင်လာနိုင်စေရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် လူနေမှုအဆင့်အတန်းပိုမိုမြင့်မားလာစေရေး၊ ပြည်သူတစ်ရပ်လုံး၏ ပညာရေးအဆင့်အတန်းပိုမိုမြင့်မားလာစေရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးမှုလုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေရေးတို့ကို ရည်မှန်းကာ ကြိုးပမ်းအကောင်အထည်ဖော်နေခြင်းဖြစ်၍ အတိုင်းအတာတစ်ခုအထိ အောင်မြင်နေခြင်းဖြစ်ပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) အစီရင်ခံစာအရ အာရှ ၁၆ နိုင်ငံအနက် မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် အဆင့် ၁၂၊ သက်ကြီးစာတတ်မြောက်မှုတွင် အဆင့် ၈၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းထားနိုင်မှုအဆင့် ၉ နှင့် တစ်ဦးချင်းဝင်ငွေတွင် အဆင့် ၁၅ အသီးသီးရှိကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်ထက်တစ်နှစ် စာတတ်မြောက်မှုရာခိုင်နှုန်း တိုးတက်လာနေသော်လည်း စာမတတ်သူများ လုံးဝစာတတ်မြောက်ရေးကို ဆက်လက်ကြိုးပမ်းနေရဦးမည်ဖြစ်ပါသည်။ စာတတ်မြောက်ရေး ဆောင်ရွက်ရာတွင် ကျောင်းသင်ပညာရေးနည်းလမ်းနှင့် ကျောင်းပြင်ပပညာရေးနည်းလမ်းများဖြင့် ဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နေရပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က "စာတတ်မြောက်မှုသည် အရေး၊ အဖတ်၊ သင်ယူခြင်းထက် ကျော်လွန်သင့်၏။ စာတတ်မြောက်သောကမ္ဘာကို တည်ထောင်ရာတွင် လိုအပ်သည်မှာ စာတတ်မြောက်ရေး အစီအစဉ်များသာမက စာတတ်မြောက်ရေးကို အခြားအခြားသော ဖွံ့ဖြိုးမှုအစီအစဉ်များနှင့် ပေါင်းစပ်ဖွဲ့စည်းပေးရန်ကိုပါ ဆိုလိုသည်"ဟု ဆိုထားပါသည်။ စာတတ်မြောက်ရေးလှုပ်ရှားမှုသည် ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါပေသည်။ ၂၁ ရာစု ပညာခေတ်တွင် စာတတ်မြောက်ရေးသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်ပေသည်။ မန်လည်ဆရာတော်ကြီးကလည်း မဃဒေဝတွင် "ပညာမရှိ၊ ဤလူ့ရွာ၌၊ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိ စုံကန်း၊ လူဖြစ်ဆန်းမျှ၊ ပေါက်ပန်းပမာ၊ မှတ်ဖို့ရာ၏"ဟု ဆိုဆုံးမထားသည်။ လူ့ဘောင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် 'အ'သုံးလုံးကျေအခြေခံဖြင့် အဘက်ဘက်မှ နှံ့စပ်သိမြင်သော နိုင်ငံသားအရေအတွက် တိုးပွားများပြားလာပြီး စာမတတ်သူကင်းမဲ့သော ကမ္ဘာမြေဆီသို့ ချီတက်ကြဖို့ လိုအပ်ပါကြောင်း အလေးအနက်တိုက်တွန်းနှိုးဆော်လိုက်ရပါသတည်း။ ။



## မိုးမြေပဲများ အထွက်နှုန်းကောင်း

**လယ်ဝေး စက်တင်ဘာ ၈**

လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု သရက်ခုံကျေးရွာအတွင်းရှိ မိုးမြေပဲစိုက်ပျိုးတောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။ မိုးမြေပဲစိုက်တောင်သူများအနေဖြင့် ကဆုန်လဆန်းတွင် မျိုးစေ့ချစိုက်ပျိုးကြကာ သီးနှံမစိုက်ပျိုးမီ အောက်ခံမြေဩဇာထည့်သွင်းပြီး ပိုးကျပါက ပိုးသတ်ဆေးဖျန်းပက်ရကြောင်း တောင်သူဦးပေါ်လေးက ပြောသည်။ မိုးမြေပဲစိုက် တောင်သူများအနေဖြင့် တစ်ဧကလျှင် မျိုးစေ့အဆန်တစ်တင်းခွဲခန့် ကြဲပက်ရပြီး သွင်းအားစုအနေဖြင့် နှစ်ကြိမ်အသုံးပြုရကြောင်း သိရသည်။

ယခုနှစ်ရာသီအနေဖြင့် ခရမ်းကိုင်းကျေးရွာအုပ်စု သရက်ခုံကျေးရွာ မိုးမြေပဲစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်မှုနှင့် ဈေးနှုန်းကောင်းမွန်မှုကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အပြစ်မဲ့သူတစ်ယောက်ကို မှားယွင်းအပြစ်မပေးမိရန်လိုအပ်

## စိန်လှိုင်ဗိုလ်

တရားရုံးအဆင့်ဆင့်တွင် ပြစ်မှုဆိုင်ရာအမှုများ၊ တရားမမှုများကို တရားလို၊ တရားခံ၊ တရားလို၊ တရားပြိုင်များဘက်မှ အမှုလိုက်ပါဆောင်ရွက်နေသော ရှေ့နေတစ်ဦးအဖို့ တန်ဖိုးထားတတ်ပါလျှင် အလွန်မွန်မြတ်သော အလုပ်ဖြစ်ပါသည်။ တရားရုံးတော်တွင် မိမိ၏ လေ့လာအားထုတ်မှုပညာဖြင့် အမှန်တရားပေါ်ပေါက်ခွင့်ရအောင် သယ်ပိုးဆောင်ရွက်ကြရပါသည်။

နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးတွင် နှစ်ကာလကြာရှည်စွာ အမြစ်တွယ်နေသော အကျင့်ပျက်ခြစားမှုများ၊ အဂတိလိုက်စားမှုများကို ဝန်ကြီးဌာနအလိုက် ကိုင်တွယ်ဖြေရှင်းကြရာတွင် အကျယ်လောင်ဆုံးကြားရသောအသံမှာ တရားစီရင်ရေးရပ်ကွက်က အသံဖြစ်ပါသည်။ တရားစီရင်ရာတွင် အဂတိလိုက်စားမှုကင်းစင်ရန် လိုအပ်သကဲ့သို့ တရားရုံးတရားခွင်ပေါ်ရှိ တရားသူကြီးများသည်လည်း အရည်အချင်း၊ အရည်အသွေးပြည့်ဝရန် အထူးလိုအပ်လှပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် မောင်ရွှေ(ခ) မောင်ရှေပါ(၂) ၁၉၆၆ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး(တရားရုံးချုပ်) စာ-၆၁၆ ပါ **"တရားစီရင်ရာတွင် အမှန်ကိုဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်"**ဟူသည့် နှစ်အလိုက်ပုံနှိပ်ထုတ်ဝေသော တရားစီရင်ထုံးစာအုပ်များ၏ မျက်နှာစာတွင် မြင်သာအောင်ဖော်ပြသောစာသားသည် တရားသူကြီးများအားလုံးအတွက် လမ်းညွှန်ချက် ဖြစ်ပေတော့သည်။ အမှုအခင်းများကို စီရင်ဆုံးဖြတ်ကြရာတွင် တရားစီရင်ရေးတာဝန်ကို ထမ်းဆောင်နေကြသည့် တာဝန်ရှိသူများအနေဖြင့် အဂတိတရားကင်းစင်ရန် လိုအပ်သကဲ့သို့ တည်ဆဲဥပဒေများ၊ လမ်းညွှန်စီရင်ထုံးများကို ကြေညက်စွာ လေ့လာမှတ်သား၍ တိကျစွာလိုက်နာဆောင်ရွက်ရန်လည်း အထူးပင်လိုအပ်လှပါသည်။ **"အပြစ်ရှိသူအယောက်တစ်ရာ လွတ်မြောက်ပါစေ၊ အပြစ်မဲ့သူ တစ်ယောက်ကိုမျှ မှားယွင်းအပြစ်မပေးမိရန်လည်း လိုအပ်ပါကြောင်း"** တရားရေးလောကဝန်းကျင်တွင် သဘောတူလိုက်နာလျက်ရှိသော ဆိုထုံးရှိပါသည်။

တရားမမှုများတွင်လည်း အခွင့်အရေးနစ်နာဆုံးရှုံးနေသူ၊ ဥပဒေနှင့်အညီမဟုတ်သော သက်သာခွင့်တောင်းဆိုခြင်းခံနေရသူ စသည်တို့၏ လူမှုဒုက္ခအဖြာဖြာကို ငြိမ်းအေးချမ်းသာစေရန် မိမိလေ့လာအားထုတ်မှုပညာဖြင့် အမှန်တရားဖြစ်စေရေး ဆောင်ရွက်ပေးရပါသည်။ ရှေ့နေစည်းကမ်း၊ ရှေ့နေကျင့်ဝတ်များကို လိုက်နာကြရသလို ပညာရပ်ဆိုင်ရာများ၊ ဗဟုသုတများကုံလုံပြည့်ဝစေရန် ဥပဒေပညာရပ်ဆိုင်ရာ စာအုပ်စာပေများကိုလည်း ဖတ်မှတ်ရပါမည်။ ထိုသို့ ဖတ်မှတ်ရင်းဖြင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးပါ အမှုတစ်ခုကို စိတ်ဝင်စားမိပါသည်။

ပမာဆောင်၍ ကောက်နုတ်ဖော်ပြရလျှင် **ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားစီရင်ထုံးများ ၂၀၁၄ ခုနှစ်** စာမျက်နှာ-၂၀ ပါ မောင်စံရွှေမြင့်နှင့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ-၂ ၂၀၁၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၁၁(ခ)** စီရင်ထုံးကို အနှစ်ချုပ်ဖော်ပြပါမည်။

အမှုမှာ ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် နေထိုင်သူ မ. . သည် ခင်ပွန်းဖြစ်သူ ထိုင်းနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်နေစဉ် တစ်ရွာတည်းနေ မောင်. . ၏ နေအိမ်တွင် အလုပ်လုပ်ကိုင်ခဲ့သည်။ အလုပ်ရှင်က အဓမ္မပြုကျင့်မှုကြောင့် ကိုယ်ဝန်ရှိခဲ့သည်။ အရေးယူပေးရန် မ. . ၏ မိခင်ဖြစ်သူက တရားရုံးသို့ ဦးတိုက်လျှောက်ထားစွဲဆိုခဲ့သည်။ ထိုအမှု၏ စီရင်ချက်တို့မှာ-

(၁) ပုဏ္ဏားကျွန်းမြို့နယ် တရားရုံးက ၂၀၁၂ ခုနှစ် ပြစ်မှုကြီး အမှတ်(၉၅) တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၄၉၇)အရ ထောင်ဒဏ်တစ်နှစ် ချမှတ်ခဲ့သည်။

(၂) တရားခံက စစ်တွေခရိုင်တရားရုံးသို့ ၂၀၁၃ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ်(၁)အဖြစ် အယူခံဝင်ရောက်ရာ တရားခံကို အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည်။

(၃) ခရိုင်တရားရုံး၏အမိန့်ကို မကျေနပ်သော ရခိုင်ပြည်နယ်ဥပဒေချုပ်က ရခိုင်ပြည်နယ်တရားလွှတ်တော်သို့ ၂၀၁၃ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ်-၃၅ ဖြင့် အယူခံမှုတင်သွင်းရာ စစ်တွေခရိုင်တရားရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး မူလပုဏ္ဏားကျွန်းမြို့နယ်တရားရုံး၏ အမိန့်ကို ပြန်လည်အတည်ပြုခဲ့ပြန်သည်။

အထက်ဖော်ပြသော စီရင်ချက်(၃)ချက်သည် စီရင်ထုံးတွင် သုံးသပ်ချက်အရ လွဲမှားနေသော စီရင်ချက်များဖြစ်ကြောင်း တွေ့မြင်ရပါသည်။

ပြစ်ဒဏ်ချမှတ်ခံရသူသည် ပုဏ္ဏားကျွန်းမြို့နယ်မှသည် စစ်တွေခရိုင်တရားရုံးသို့လည်းကောင်း၊ စစ်တွေခရိုင်တရားရုံးမှသည် ရခိုင်ပြည်နယ်တရားလွှတ်တော်ချုပ်သို့လည်းကောင်း တက်ရောက်၍ အမှုကိုရင်ဆိုင်ခဲ့ရပြီးနောက် နောက်ဆုံးအောင်ပွဲခံခဲ့ပါသည်။ ဥပဒေကပေးသည့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးကို ခံစားရရှိခဲ့ပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ရုံးအဆင့်ဆင့်၏ ဥပဒေနှင့်မညီသော စီရင်ဆုံးဖြတ်ချက်များကို ပယ်ဖျက်ပြီးနောက် ပြင်ဆင်မှုလျှောက်ထားသူကို စွဲချက်မတင်မီလွှတ်ကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်စီရင်ထုံးသည် တရားရေးလောကသားများ၊ ဥပဒေလောကသားများ၊ ရှေ့နေရှေ့ရပ်များသာမက ပြည်သူအများ ဥပဒေဗဟုသုတအလို့ငှာ သိသင့်သိထိုက်သည်ဟု ထင်မြင်ယူဆပါသဖြင့် ကောက်နုတ်တင်ပြရခြင်းဖြစ်ပါသည်။ ယင်းပြစ်မှုများနှင့် ပတ်သက်သော **"ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၉၇ (သို့မဟုတ်) (၄၉၈) အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုတစ်ရပ်ကို သက်ဆိုင်ရာအမျိုးသမီး၏ လင်ယောကျ်ားက တိုင်တန်းချက်အရ မဟုတ်လျှင် (သို့မဟုတ်) လင်ယောကျ်ားမရှိခိုက် ပြစ်မှုကျူးလွန်ချိန်တွင် အဆိုပါအမျိုးသမီးကို ထိုလင်ယောကျ်ားကိုယ်စား စောင့်ရှောက်သူ အခြားသူတစ်ဦးဦးက တရားရုံးတော်၏ ခွင့်ပြုချက်ဖြင့် တိုင်တန်းချက်အရ မဟုတ်လျှင် မည်သည့်တရားရုံးကမျှ အရေးမယူရ"**ဟု ပြဋ္ဌာန်းထားသည်။ No Court shall take cognizance ဟု ပြဋ္ဌာန်းချက်အရ မပြုမနေပြုရမည့် Mandatory Provision တစ်ရုံးတွင်နိုင်ပြီး နှစ်ရုံးတွင် အရေးနိမ့်ခဲ့ရာ နောက်ဆုံးတွင် ရေခြားမြေခြား တောတောင်ခြားသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးစိုက်ရာ နေပြည်တော်သို့ ခက်ခဲပင်ပန်းဆင်းရဲစွာဖြင့် အရောက်လှမ်းခဲ့ရရှာပါသည်။ ပုဏ္ဏားကျွန်းမြို့နယ် တရားရုံးတွင်လည်းကောင်း၊ စစ်တွေခရိုင်တရားရုံးတွင်လည်းကောင်း၊ ရခိုင်ပြည်နယ် တရားလွှတ်တော်တွင်လည်းကောင်း အမှုကိုရင်ဆိုင်ခဲ့ရာတွင် ရှေ့နေခအပါအဝင် သွားလာစရိတ်၊ စားသောက်စရိတ်နှင့် တည်းခိုစရိတ်အပါအဝင် တရားရုံး၏ စရိတ်အထွေထွေကို မည်မျှထမ်းပိုးခဲ့ရကြောင်း ကိုယ်ချင်းစာစိတ်ဖြင့် ခန့်မှန်းတွက်ချက် ကြည့်ကြစေချင်ပါသည်။ နေပြည်တော်ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှုတင်ရန် တစ်ခေါက်သွားရသည်။ တင်ထားသော အမှုပေါ်သောအခါ ထိုအမှုကို လက်ခံသင့်/မသင့်လျှောက်လဲချက်ပေးရန် တစ်ခေါက်သွားရပြန်သည်။ အမှုကို လက်ခံသဖြင့် အပြီးသတ်လျှောက်လဲချက်ပေးရန် နောက်တစ်ခေါက်၊ စုစုပေါင်းသုံးခေါက်သွားရခြင်းအတွက် ရှေ့နေခနှင့် ရှေ့နေ၏ခရီးစရိတ်၊ တည်းခိုစရိတ်အတွက် အမှုသည်မှာ မည်မျှရှုန်းကန်ခဲ့ရမည်ကို စာနာစိတ်ဖြင့် ခန့်မှန်းတွက်ချက်ကြစေချင်ပါသည်။ နေပြည်တော်သုံးခေါက်တွင်ပင် ဆင်းရဲသားတစ်ဦးအဖို့ ဘဝပျက်နိုင်လောက်သော သူ၏ ဒုက္ခတွေ ဖြစ်နေတော့သည်။

**နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးတွင် နှစ်ကာလကြာရှည်စွာ အမြစ်တွယ်နေသော အကျင့်ပျက်ခြစားမှုများ၊ အဂတိလိုက်စားမှုများကို ဝန်ကြီးဌာနအလိုက် ကိုင်တွယ်ဖြေရှင်းကြရာတွင် အကျယ်လောင်ဆုံးကြားရသောအသံမှာ တရားစီရင်ရေးရပ်ကွက်က အသံဖြစ်ပါသည်။ တရားစီရင်ရာတွင် အဂတိလိုက်စားမှုကင်းစင်ရန် လိုအပ်သကဲ့သို့ တရားရုံးတရားခွင်ပေါ်ရှိ တရားသူကြီးများသည်လည်း အရည်အချင်း၊ အရည်အသွေးပြည့်ဝရန် အထူးလိုအပ်လှပါသည်။**

နေပြည်တော်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြင်ဆင်မှုလျှောက်ထားသူ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကုလားချောင်းကျေးရွာသားလေးလည်းဖြစ်ပေသည်ဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ(၁၉၉)ကို ဖွင့်ဆိုရှင်းပြခဲ့ပါသည်။

ယင်းသို့ကောက်နုတ်ဖော်ပြသောအမှုတွင် အောက်ရုံးများ၌ တရားစီရင်ခဲ့ကြသူများသည် တည်ဆဲပြဋ္ဌာန်းဥပဒေများအပေါ် လေ့လာအားထုတ်မှုအားနည်းခဲ့ကြကြောင်း မြင်သာပါသည်။ ပြည်နယ်ဥပဒေချုပ်ရုံးသည်ပင်လျှင် တည်ဆဲဥပဒေကို သတိပြုဆင်ခြင်ရန် ပျက်ကွက်ခဲ့ပါသည်။ စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော မိမိတို့အသီးသီး၏ လွဲမှားမှုများ၏ဒဏ်ကို နိုင်ငံသားတစ်ဦး ကျောကော့အောင် ခံစားလိုက်ရပါသည်။ ရခိုင်ပြည်နယ်မှသည် နေပြည်တော်ပြည်ထောင်စုတရားလွှတ်တော်ချုပ်အဆင့်သို့ မတက်လှမ်းနိုင်ပါလျှင်မူ နိုင်ငံသားတစ်ဦးအဖို့ ဥပဒေကပေးသည့်အခွင့်အရေးကို မရနိုင်တော့ပါ။ အစားထိုး၍မရနိုင်သော နစ်နာမှု၊ ဆုံးရှုံးမှုကို ခံစားရမည်ဖြစ်ရာ အစိုးရသစ်၏ အပြောင်းအလဲတွင် အဂတိလိုက်စားမှုကိုသာလျှင် အရေးယူရန်မဟုတ်ဘဲ ဥပဒေပြဋ္ဌာန်းချက်ကို လေ့လာမှုအစုံစုံဖြင့် မစဉ်းစားသူများကိုပါ ပြုပြင်ရန်နှင့် အရည်အချင်း၊ အရည်အသွေးပြည့်ဝ၍ ကြေညက်အောင်လေ့လာကြစေရန် လိုအပ်ပေမည်။

သို့ဖြစ်ပါ၍ အပြစ်ရှိသူတစ်ရာလွတ်မြောက်စေလိုသော်လည်း အပြစ်မဲ့သူတစ်ဦးကို မှားယွင်းစွာ အပြစ်မပေးမိစေရန်အတွက် ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံတရားစီရင်ထုံးပါအမှုကို တရားစီရင်ရေးအာဏာရှိကြသူများအပါအဝင် ပြည်သူအများသိသင့်သိထိုက်သည်ဟု ယူဆပါ၍ ကောက်နုတ်တင်ပြလိုက်ပါသည်။ ။

---

# ဇမ္ဗူသီရိမြို့နယ်တွင် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၈**

အလုပ်အကိုင်ဖန်တီးပေးနိုင်မှုများ တိုးပွားလာစေရန်နှင့် လူတစ်ဦးချင်းဝင်ငွေတိုးတက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူးပြီး ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော အဆင့်မြင့်စက်ချုပ်သင်တန်း (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအလုပ်အမှုဆောင် ဒေါ်ခင်ဆွေယုက စက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အတွင်းရေးမှူး ဒေါ်တင်တင်ဝင်း၊ ဒေါက်တာကြူကြူစန်းနှင့် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းတို့က သင်တန်းတက်ရောက်မည့်သူများအား သင်ထောက်ကူပစ္စည်းများပေးအပ်ကြပြီး နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် သင်တန်းခန်းမအတွင်း သင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ သင်တန်းသူများအား အားပေးစကားများ ပြောကြားခဲ့သည်။

အဆိုပါ အဆင့်မြင့်စက်ချုပ်သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်မည်ဖြစ်သည်။

**(သန့်မောင်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ** ထိပ်သီးအစည်းအဝေးနှင့် ဒေသစံတော်ချိန် နံနက် ၁၂ နာရီခွဲတွင် ဆက်လက်ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပမှ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၄)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၁)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ လာအိုနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီး H.E.Mr.Borviengkham Vondara၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ သံရုံးမိသားစုများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံရုံးယာယီတာဝန်ခံနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ယနေ့ညနေပိုင်းတွင် ဒေသတွင်းဘက်စုံစီးပွားရေး မိတ်ဖက်ပြုမှုဆိုင်ရာ နိုင်ငံခေါင်းဆောင်များ၏ ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်း အခမ်းအနား၊ (၂၈)ကြိမ်နှင့် (၂၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ ပိတ်ပွဲအခမ်းအနားနှင့် ၂၀၁၇ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားများ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာအိုနိုင်ငံမှ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

# အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

**မုံရွာ စက်တင်ဘာ ၈**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းအတွင်း စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရန် တိုင်းဒေသကြီးနှင့်နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ် ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွန်းလာစေရေး၊ တိုင်းဒေသကြီးနှင့်နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် အဆင့်အတန်းမီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မြို့နယ်ပညာရေးမှူးဖလား ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတွင် မီတာ ၁၀၀ ၊ မီတာ ၂၀၀ ၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲများ၊ အလျားခုန်၊ အမြင့်ခုန်နှင့် သုံးဆင့်ခုန် ပြိုင်ပွဲအမျိုးအစားများ ပါဝင်ခဲ့ကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီနှင့် တွေ့ဆုံ

**ဗီယင်ကျန်း စက်တင်ဘာ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီနှင့် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာနည်းပညာများ အပြန်အလှန်ဖလှယ်ရေး၊ အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ ပဲသီးနှံအမျိုးမျိုးတင်ပို့ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ယခုနှစ် အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံ ဂိုအာမြို့၌ ကျင်းပမည့် ဘင်းစတက်ထိပ်သီးအစည်းအဝေးနှင့် BRICS ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ရန် မျှော်လင့်ပါကြောင်း၊ အစည်းအဝေးများနှင့် တစ်ဆက်တည်း နှစ်နိုင်ငံတွေ့ဆုံပွဲကို ကျင်းပသွားလိုကြောင်း၊ မြန်မာနိုင်ငံအစိုးရသစ်၏ ပြည်တွင်းပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ စီးပွားရေးဆောင်ရွက်ချက်များကို အိန္ဒိယအစိုးရက အစဉ်ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ဂျပန်နှင့် အိန္ဒိယ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ထားသော အစီအစဉ်တစ်ခုဖြစ်သည့် ဗုဒ္ဓဘာသာထိပ်သီးအစည်းအဝေးကို ယခုတစ်ကြိမ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရန် အဆိုပြုပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီတို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၂၈) ကြိမ်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့

## ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စရပ်များ၊ အာဆီယံနှင့် ပြင်ပဆက်ဆံရေးဆိုင်ရာများတွင် ပါဝင်ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် စက်တင်ဘာ ၆ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် (၂၈)ကြိမ်နှင့် (၂၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခဲ့သည့်အပြင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အကြီးအကဲများနှင့် သီးခြားစီတွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စက်တင်ဘာ ၆ ရက်က စတင်ကျင်းပသည့် (၂၈) ကြိမ်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနား၊ (၂၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေး၊ အာဆီယံဒေသတွင်းနှင့် ဒေသပြင်ပရှိ သဘာဝဘေးအန္တရာယ်များကို အာဆီယံအနေဖြင့် တုံ့ပြန်ကာကွယ်ခြင်းဆိုင်ရာ အာဆီယံကြေညာချက် လက်မှတ်ရေးထိုးခြင်း အခမ်းအနား၊ အာဆီယံပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာ မဟာစီမံကိန်း ၂၀၂၅ နှင့် အာဆီယံပေါင်းစည်းရေးဆိုင်ရာကနဦးလုပ်ငန်းစီမံချက်-၃ တို့အား စတင်အကောင်အထည်ဖော်ခြင်းအခမ်းအနား၊ အာဆီယံနိုင်ငံ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်များ ညီလာခံကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ၊ အာဆီယံနိုင်ငံ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံလူငယ်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲနှင့် အာဆီယံနိုင်ငံ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီနှင့် တွေ့ဆုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စက်တင်ဘာ ၇ ရက်က (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေး၊ အာဆီယံ-တရုတ်ဆွေးနွေးဖက်ဆက်ဆံရေး (၂၅) နှစ်မြောက် အထိမ်းအမှတ်ဆိုင်ရာ (၁၉)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးနှင့် (၁၉)ကြိမ်မြောက် အာဆီယံ-အပေါင်းသုံး ထိပ်သီးအစည်းအဝေး၊ (၂)နှစ်လျှင် တစ်ကြိမ် ကျင်းပသည့် ပထမအကြိမ် အာဆီယံ-ဩစတြေးလျထိပ်သီးအစည်းအဝေးနှင့် (၈) ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးများသို့ အခြားအာဆီယံနိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေး၊ စတုတ္ထအကြိမ်မြောက် အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေးများသို့လည်း တက်ရောက်ခဲ့သည်။

ထို့ပြင် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် တစ်ဆက်တည်းကျင်းပခဲ့သည့် (၈)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့မှ အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါ (၂၈)ကြိမ်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများတွင် လက်မှတ်ရေးထိုးချုပ်ဆိုသည့် အာဆီယံကြေညာချက်တစ်ခု၊ ဥက္ကဋ္ဌထုတ်ပြန်သည့် ကြေညာချက် ၁၁ ခု၊ အတည်ပြုသည့် ထုတ်ပြန်ချက် ၁၈ ခု၊ မှတ်တမ်းတင်သည့် ထုတ်ပြန်ချက် ၂၇ ခု စုစုပေါင်းထုတ်ပြန်ချက် ၅၇ ခုကို ထုတ်ပြန်ခဲ့သည်။

ထိပ်သီး အစည်းအဝေးကာလအတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျွန်ကီး၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီတို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ကျင်းပပြီးစီးခဲ့သည့်(၂၈)ကြိမ်နှင့် (၂၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ဆက်ဆံရေးနှင့် အနာဂတ်ဦးတည်ချက်၊ ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စရပ်များ၊ အာဆီယံနှင့် ပြင်ပဆက်ဆံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆွေးနွေးခဲ့သည့်အပြင် မြန်မာနိုင်ငံက ဆွေးနွေးဖက်ဆက်ဆံရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည့် ပထမအကြိမ် အာဆီယံ-ဩစတြေးလျထိပ်သီးအစည်းအဝေးတွင်လည်း ဦးဆောင်ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# ပုဂ္ဂလိက တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ကျင်းပပြီးစီး

**ရန်ကုန် စက်တင်ဘာ ၈**

ပုဂ္ဂလိက တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ PUL Cup 2016 ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၆ ရက်က ရန်ကုန်မြို့ YUSC မြက်ခင်းတုကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် Victoria University College အသင်းနှင့် Chindwin College အသင်းတို့ယှဉ်ပြိုင်ကစားကြရာ Victoria University အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး တတိယနေရာလုပွဲတွင် STI အသင်းက Gusto အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲအပြီးတွင်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက ဆုရအသင်းများအား ဆုချီးမြှင့်ကြပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ပထမဆုရ Victoria University College အသင်းကို ချန်ပီယံဆုဖလားပေးအပ်ချီးမြှင့်သည်။

ယခုပြိုင်ပွဲမှရရှိသည့် ဝင်ကြေး ကျပ်သိန်း ၃၀ ကို ရေဘေးသင့်ဒေသများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**





# ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းတို့ ဗိုလ်လုပွဲတက်

**နေပြည်တော် စက်တင်ဘာ ၈**

တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းနှင့် အားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိသည်။

ယနေ့ညနေ ၃နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းနှင့် ရခိုင်ပြည်နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲချိန်နှင့် အချိန်ပိုအတွင်း ဂိုးမရှိသရေရလဒ်ဖြစ်နေသဖြင့် ပင်နယ်တီကန်သွင်းရာ မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းက ငါးဂိုး - လေးဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

စက်တင်ဘာ ၁၀ ရက် နံနက် ၇ နာရီတွင် တတိယနေရာလုပွဲအဖြစ် ဧရာဝတီတိုင်းဒေသကြီးဘောလုံးအသင်းနှင့် ရခိုင်ပြည်နယ်ဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ လည်းကောင်း၊ စက်တင်ဘာ ၁၁ ရက် ညနေ ၃ နာရီတွင် ဗိုလ်လုပွဲကို ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းတို့သည် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**




# အသင့်စားစားသောက်ကုန်များ ပညာပေးအလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၈**

အသင့်စားစားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနိုင်ရေး ပညာပေးအလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ အသင့်စား စားသောက်ကုန်များ ထုပ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးရောင်းချမှုလုပ်ငန်းရပ်များတွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီရေးတို့မှာ အစဉ်တစိုက် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရန်၊ အစားအသောက်များကို ပြည်တွင်း/ပြည်ပ စက်ရုံလုပ်ငန်းများနှင့် ထုတ်လုပ်မှုမှ အဆင့်ဆင့် ဖြန့်ဖြူးရောင်းချမှုအထိ ဖြစ်စဉ်တစ်လျှောက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနနှင့်အတူ အားလုံးသော နှီးနွှယ်ဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများကပါ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန်၊ တရားဝင် မှတ်ပုံတင်ဖြန့်ဖြူးရောင်းချလာစေရန်နှင့် စားသုံးသူများ အသိပညာပေးရေး၊ ထုတ်လုပ်၊ တင်သွင်း ဖြန့်ဖြူးရောင်းချမှုဖြစ်စဉ်တစ်ခုလုံးတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး စံချိန်စံညွှန်းပြည့်မီစေရန်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် ရှာဖွေဖော်ထုတ်အရေးယူနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ဥပဒေပိုင်း အားနည်းချက်များ၊ လိုအပ်ချက်များ၊ နှောင့်နှေးကြန့်ကြာစေသည့် အခက်အခဲများကို ညှိနိုင်းဖြေလျှော့ပေးနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က အဖွင့်အမှာစကားတွင် ပြောကြားသည်။ ယခင်က Mobile Team အဖွဲ့များဖြင့် ဆောင်ရွက်ခဲ့ရာ တရားမဝင်စားသောက်ကုန်များ ဘေးအန္တရာယ်မှ ကာကွယ်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဆက်စပ်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက တင်ပြဆွေးနွေးပြီးနောက် လေးဖွဲ့ခွဲကာ အသင့်စား စားသောက်ကုန်ထုတ်စက်ရုံများနှင့် ပတ်သက်၍ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် GMP/ GAP နှင့်အညီ လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်လာစေရေး၊ အသင့်စား စားသောက်ကုန်များတင်သွင်းခြင်း၊ တင်ပို့ခြင်းနှင့် ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်အရည်အသွေးပြည့်မီစေရန် ထိရောက်စွာ ကြီးကြပ်ကွပ်ကဲဆောင်ရွက်နိုင်ရေး၊ စားသုံးသူများ အသိပညာပေးလုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အသင့်စားစားသောက်ကုန်များနှင့် ပတ်သက်၍ ထိရောက်သော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများဖြင့် ရှာဖွေဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ရေး အစုအဖွဲ့အလိုက်ဆွေးနွေးကြပြီးနောက် ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲပြီးနောက်ပိုင်း စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်နစ်နာစေသည့် အန္တရာယ်ရှိစားသောက်ကုန်ထုတ်ရောင်းချသူများအား Administrative Action နှင့် Penal Action နည်းလမ်းနှစ်မျိုးဖြင့် ဖမ်းဆီးပိတ်သိမ်းအပြစ်ပေးအရေးယူသွားမည်ဖြစ်ကြောင်း၊ ရရှိလာမည့် ဆွေးနွေးအကြံပြုချက်များအတိုင်း ဦးစားပေးအစီအစဉ်များဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ FDA မှ ဖမ်းဆီးတရားလိုပြု စွဲဆိုထားသည့် အမှုပေါင်း ၁၄၉ မှု ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်) (၅/၂၀၁၆) သင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၈**


အိမ်တွင်းမှုပညာရပ်များဖြင့် ကျွမ်းကျင်လုပ်သားများဖြစ်လာပြီး ဘဝရပ်တည်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)၏ (၅/၂၀၁၆) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ အဆိုပါကျောင်း၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က သင်တန်းသူ သင်တန်းသားများအား ယနေ့သင်ကြားပေးလိုက်သည့် ပညာရပ်များသည် လက်တွေ့နယ်ပယ်တွင် နေ့စဉ်နှင့်အမျှ အသုံးချနေရသည့် ပညာရပ်များဖြစ်၍ မိမိတို့သင်ယူရရှိသည့် ပညာရပ်များကို ထပ်မံဆင့်ပွား၍ ဆန်းသစ်သော ကိုယ်ပိုင်ဒီဇိုင်း၊ စိတ်ကူးများဖြင့် တီထွင်ဖန်တီးတတ်အောင်ကြိုးပမ်းကြစေလိုကြောင်း၊ ခေတ်နှင့်လိုက်လျောညီထွေနေထိုင်တတ်စေပြီး မိမိတို့ရိုးရာဓလေ့ ဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းပေးကြစေလိုကြောင်း၊ သင်တန်းသူ သင်တန်းသားများအနေဖြင့် အခြေခံ၊အဆင့်မြင့်သင်တန်းများ တက်ရောက်ပြီးပါက ဆိုင်ဖွင့်လိုသူများ၊ အပ်ထည်ချုပ်လိုသူများ၊ စီးပွားဖြစ်လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းများသို့ ဆက်လက်တက်ရောက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ရန်ကုန်အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းစိုးက "အဓိကကတော့ ဒီမှာလာတက်တဲ့သူတွေက အလုပ်အကိုင်အခွင့်အလမ်းအတွက် ရည်ရွယ်ပြီးလာတက်ကြတာ များပါတယ်။ ကိုရီးယားမုန့်လုပ်နည်းဆိုလည်း ကိုရီးယားကျွမ်းကျင်စားဖိုမှူး ကိုယ်တိုင်သင်ပေးတာ။ စက်ချုပ်သင်တန်းဆို သင်တန်းကြေးက ၄၀၀၀၊ ၁၀၀၀၀ ဆိုတော့လာသင်တာများတယ်။ သင်တန်းဆင်းလက်မှတ်ကိုတော့ ဘာသာရပ်အလိုက်သင်ရိုးညွှန်းတမ်းနဲ့ကိုက်ညီအောင် လုပ်နိုင်တယ်ဆိုရင် လက်မှတ်ချီးမြှင့်ပေးပါတယ်"ဟု ပြောသည်။

ထို့ပြင် အဆိုပါသင်တန်းကျောင်းမှ သက်မွေးမှုပညာရပ်ဆိုင်ရာ အချက်အပြုတ်၊ အချုပ်အလုပ်၊ ဇာထိုးပန်းထိုး၊ ပန်း၊ သစ်သီးအလှပြင်စသည်တို့ကို သင်တန်းဆရာမ ၁၇ ဦး၊ အရန်ဆရာမ သုံးဦး စုစုပေါင်း ၂၀ ဖြင့် သင်ကြားပေးလျက်ရှိပြီး သင်တန်းအမျိုးအစားအားဖြင့် ၂၂ မျိုးသင်ကြားပေးနေကြောင်း သိရသည်။

သက်မွေးပညာသင်တန်းများကို တနင်္လာနေ့မှ သောကြာနေ့အထိလည်းကောင်း၊ စနေ၊ တနင်္ဂနွေနေ့များတွင်လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ယခုဖွင့်လှစ်ခဲ့သည့် သင်တန်းအပတ်စဉ် (၅/၂၀၁၆) သို့ သင်တန်းသား သင်တန်းသူ ၇၆၃ ဦးတက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းအပတ်စဉ် (၆/ ၂၀၁၆)သို့ တက်ရောက်လိုသူများအနေဖြင့် ဖုန်း-၀၁-၅၃၆၂၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သီသီမင်း)**



# မသန်စွမ်းလူငယ်များအတွက် ခေါင်းဆောင်မှုမြှင့်တင်ရေး သင်တန်းပို့ချ

**ရန်ကုန် စက်တင်ဘာ ၈**

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၏ အမျိုးသားအဆင့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်(၃)ရပ်ကွက် သာယာအေးလမ်း အမှတ်(၁၇)တွင် စက်တင်ဘာ ၆ ရက်မှ စတင်ကာ သုံးပတ်ကြာ သင်ကြားပို့ချသွားမည်ဟု သိရသည်။

မသန်စွမ်းသူများအရေးကို တက်တက်ကြွကြွ လက်တွဲဆောင်ရွက်နိုင်သည့် မြန်မာနိုင်ငံအနှံ့အပြားမှ မသန်စွမ်းလူငယ်ခေါင်းဆောင်များ ပေါ်ထွက်လာစေရန်နှင့် လူ့အသိုင်းအဝိုင်းအတွင်း၌ မသန်စွမ်းလူငယ်များ ဂုဏ်သိက္ခာရှိစွာ ဘဝရပ်တည်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။



"ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးမှာရှိတဲ့ မသန်စွမ်းလူငယ်တွေအတွက် အဓိကထားပြီး သင်တန်းကိုဖွင့်လှစ်ခဲ့တာပါ။ သင်တန်းလျှောက်လွှာတွေအတွက် ကျွန်မတို့ တတ်နိုင်သလောက် ဖြန့်ဝေခဲ့ပေမယ့် ဝေးလံပြီး ဖွံ့ဖြိုးမှုနည်းပါးတဲ့ ချင်းပြည်နယ်၊ ကယားပြည်နယ်တွေလို နေရာမျိုးတွေအထိရောက်အောင် ဖြန့်ဝေနိုင်ဖို့တော့ အားနည်းခဲ့ပါတယ်" ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ Planning and Resource ဒါရိုက်တာ မယုယသူက ပြောသည်။

အဆိုပါသင်တန်းတွင် မသန်စွမ်းလူငယ်များ၏ ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးပိုင်းကို အဓိကထား သင်ကြားပေးသွားမည်ဖြစ်သည်။ အဖွဲ့အစည်းလိုက် ဦးစီးဆောင်ရွက်တတ်စေခြင်း၊လူမှုပေါင်းသင်းဆက်ဆံရေးကို ကျယ်ပြန့်စေခြင်း၊ ငွေကြေးစီမံခန့်ခွဲနိုင်မှု စသည့် အကြောင်းအရာများအပြင် မိမိတို့၏ မသန်သော်လည်း စွမ်းဆောင်နိုင်သည့် အစွမ်းအစ အရည်အချင်းများကို ပြသ၍ မသန်စွမ်းသူတစ်ယောက်၏ အမြင်ဟောင်းနှင့် အမြင်သစ် ကွဲပြားမှုများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ခွဲခြား၍ သင်ကြားပို့ချသွားမည်ဟု သိရသည်။ ၂၀၁၂ ခုနှစ်မှ စတင်ကာ ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ် တစ်နှစ်လျှင် နှစ်ကြိမ်ခန့်ဖြင့် သင်တန်းများပို့ချခဲ့ရာ ယခုဖွင့်လှစ်လိုက်သည့် သင်တန်းသည် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့နှင့် ဂျပန်နိုင်ငံအခြေစိုက် The Nippon Foundation တို့၏ ဒသမအကြိမ်မြောက် မသန်စွမ်းသူများ လူမှုအသိုင်းအဝိုင်းအတွင်း အကျုံးဝင်နိုင်မှု မြှင့်တင်ရေးစီမံချက် ဖြစ်သည်။

သင်တန်းသို့ နိုင်ငံတစ်ဝန်းမှ သင်တန်းသားဦးရေ ၂၀ ခန့် တက်ရောက်ပြီး ယင်းသင်တန်းပြီးဆုံးပါက ကျောင်းသားဦးရေ ၁၇၁ ဦးခန့်အား မွေးထုတ်ပေးနိုင်ပြီဟု သိရသည်။မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမှုစာရင်းအရ နိုင်ငံလူဦးရေ၏ ၂ ဒသမ ၃ သန်းခန့်သည် မသန်စွမ်းသူများဖြစ်သည်။ မသန်စွမ်းသူဆိုသည်မှာ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော ချို့ယွင်းအားနည်းမှုများဖြင့် ရေရှည်ခံစားနေရသည့် သူများကိုဆိုလိုခြင်း ဖြစ်သည်။

"မသန်စွမ်းသူတွေအားလုံး ကိုယ့်ကိုယ်ကိုယ် ရှက်ရွံ့သိမ်ငယ်ပြီး ဘဝကို မကုန်ဆုံးစေချင်ဘူး။ လူ့ဘဝဆိုတာ ရခဲပါတယ်။ လူဖြစ်ရတဲ့ ခဏလေးမှာ ဒီလို မသန်စွမ်းဖြစ်ရတာကို စိတ်တော့မကောင်းပါဘူး။ဒါပေမယ့် လူထဲက လူပဲ၊ အဲဒီမသန်စွမ်းမှုဆိုတာကြီးကို မေ့ဖျောက်ပြီး လူကြားထဲမှာ သာမန်လူတစ်ယောက်လို အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရှိ နေသွားချင်တယ်" ဟု သင်တန်းသူတစ်ဦးဖြစ်သူ တနင်္သာရီတိုင်းဒေသကြီးမှ မဇင်မာကျော်က ပြောသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ - မီချီကိုဟန်**

# ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မော်လမြိုင် စက်တင်ဘာ ၈**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးနေလင်း၊ ကျိုက်မရောမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်ဦးတို့ဦးစီးသောတပ်ဖွဲ့ဝင် ၄၀ တို့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စက်တင်ဘာ ၃ရက် နံနက် ၇ နာရီက ကျိုက်မရောမြို့ ရန်မျိုးအောင်ရပ်ကွက်နယ်မြေရှိ ပြည်သူ့ဆေးရုံ အတွင်း/အပြင်ရှိ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများရှိ အမှိုက်များဆယ်ခြင်းလုပ်ငန်းများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ယင်းအပြင် ကျိုက်မရောမြို့နယ် ရပ်ကွက်နှစ်ခု၊ ကျေးရွာအုပ်စု ၄၅အုပ်စုရှိ အထက၊ အလက၊ အမက၊ အမက(လွန်) ကျောင်းများနှင့် သာသနာ့နယ်မြေရှိ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံများတွင်လည်း အဆက်မပြတ် သန့်ရှင်းရေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

မြို့တော်တစ်ခွင်
သန့်ရှင်းဖို့
ဝိုင်းဝန်းကူညီ
ဆောင်ရွက်စို့

# သစ်ဖမ်းဆီးရာတွင် ပြည်သူပူးပေါင်းမှုအပြင် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့များ တိုးမြှင့်ချထား

**ပြည် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ သစ်များဖမ်းဆီးရမိမှုများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုများလည်းရှိလာပြီး သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ကိုလည်း စက်တင်ဘာ ၁ ရက်မှစတင်ပြီး ထားရှိပေးပြီဖြစ်ကြောင်း ပြည်ခရိုင်သစ်တောရုံးမှ သိရသည်။

ပြည်ခရိုင်အတွင်း ယခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ကျွန်း ၁၄၂ ဒသမ ၂၀၉၂ တန်၊ သစ်မာ ၇၄ ဒသမ ၇၅၁၉ တန်၊ အခြားသား ၆၇ ဒသမ ၃၂၁၀ တန် စုစုပေါင်း ၂၈၄ ဒသမ ၂၈၂၁ တန်နှင့် ကားခြောက်စီး၊ သစ်ခွဲအင်ဂျင်လေးလုံး၊ လှည်းတစ်စီး၊ နွားနှစ်ကောင်၊ မီးသွေး ၁၀ ဒသမ ၂၄ တန်၊ လွှဝိုင်းသုံးဝိုင်း၊ ချိန်းဆောတစ်လက်၊ ကျွန်းတံခါးရွက် ၅၇ ချပ် (၁ ဒသမ ၇၆၇) ကုဗတန်တို့ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်သစ်များအား ဖမ်းဆီးရမိမှုများ၌ ပြည်ခရိုင်အတွင်းမှ သစ်များသာမက နယ်လွန်သစ်များလည်းပါဝင်ပြီး သစ်တောဝန်ထမ်းများအနေဖြင့် တရားမဝင်သစ်များဖမ်းဆီးရာတွင် ပြန်လည်ခုခံခြင်းနှင့် အခြားသော အန္တရာယ်များပါ ကြုံတွေ့ကြရသောဖြစ်စဉ်များ မကြာခဏဖြစ်ပွားလျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၁ ရက်မှစတင်၍ သစ်တောဝန်ထမ်းများကို အကာအကွယ်ပေးနိုင်ရန် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို တွဲဖက်တာဝန်ပေးထားပြီဖြစ်သည်။



ယင်းသစ်တောလုံခြုံရေးတပ်ဖွဲ့ဝင်များအား ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အစပ်ရှိ ရခိုင်ရိုးမပေါ်တွင် ထားရှိထားပြီး Mobile အစီအစဉ်ဖြင့် သတင်းရသည့်နေရာများအား ရွှေ့ခိုင်းမည်ဖြစ်ကြောင်း၊ ခရိုင်အစီအစဉ်ဖြင့် ယင်းတပ်ဖွဲ့များနှင့်အတူ သစ်ခိုးထုတ်ခြင်းများ မပြုလုပ်စေရန် ဟောပြောစည်းရုံးမှုများလည်း ပြုလုပ်သွားမည်ဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့်လည်း ယခုထက်ပိုပြီး ပူးပေါင်းပါဝင်စေလိုကြောင်း ပြည်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နိုင်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# မြစိမ်းရောင်ရန်ပုံငွေဖြင့် ပန်းစိုက်ခင်းနှင့် မွေးမြူရေးလုပ်ငန်းအောင်မြင်

**ဘားအံ စက်တင်ဘာ ၈**

ဘားအံမြို့နယ် ကျေးလက်ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် လိုအပ်သောအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်အတွက် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာအား တစ်ရွာလျှင် သိန်း ၃၀၀ ထုတ်ပေးထားရှိရာ ကျေးရွာများအနေဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ်အနေဖြင့် ကျေးရွာနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နှစ်ရွာ၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၁၂ ရွာ စုစုပေါင်း ၁၄ ရွာကို ဆောင်ရွက်ပေးခဲ့ရာ အောင်မြင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၄ ရွာ ထပ်မံဆောင်ရွက်ပေးမည်ဖြစ်ရာ အဆိုပါရွာများအတွက် တစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၃၀၀ စုစုပေါင်းသိန်း ၄၂၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြစိမ်းရောင်လည်ပတ်ရန်ပုံငွေဖြင့် ဘားအံမြို့နယ် ကမားကျေးရွာတွင် ယိုးဒယားနည်းပညာဖြင့်စိုက်ပျိုးသော နှင်းဆီစိုက်ခင်း၊ ဂန္ဓမာပန်းခင်း၊ ဝက်နှင့်ဆိတ်များ မွေးမြူထားလျက်ရှိရာ အောင်မြင်လျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# ပုဗ္ဗသီရိမြို့နယ်ရှိ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ပုဗ္ဗသီရိ စက်တင်ဘာ ၈**

သီးနှံများစိုက်ပျိုးရာတွင် စိုက်ပျိုးစရိတ်အဆင်ပြေစေရေးအတွက် စက်တင်ဘာ ၅ ရက် မွန်းတည့် ၁၂ နာရီမှစတင်၍ ပုဗ္ဗသီရိမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဇီးကုန်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာ ရေးနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်လျက်ရှိသည်။

ပုဗ္ဗသီရိမြို့နယ် မန်နေဂျာ ဒေါ်ထွေးထွေးသိန်းက စိုက်ပျိုးစရိတ် ချေးငွေပေးခြင်းနှင့်ပတ်သက်၍ ယခုနှစ်အတွင်း တစ်ဧကလျှင် တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေးခြင်းဖြစ်ပြီး အတိုးနှုန်းအနေဖြင့် တစ်နှစ်လျှင် ရှစ်ရာခိုင်နှုန်း ပြန်ဆပ်ရမည်ဖြစ်ကြောင်းနှင့် လိုက်နာသိရှိရမည့်အချက်များအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဇီးကုန်းကျေးရွာအုပ်စုအတွင်းရှိ လူဦးရေ ၁၁၅ ဦး၏ စပါးစိုက်ဧက ၃၉၉ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် စုစုပေါင်း စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၅၉၈၅၀၀၀၀ အား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(ရွှေရဲရင့်)**

# နိုင်ငံကူးလက်မှတ် မုံရွာတွင်မလုပ်ဘဲ ရန်ကုန်တွင်သွားလုပ်သဖြင့် ကုန်ကျစရိတ်များပြား

**မုံရွာ စက်တင်ဘာ ၈**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ ရက်က စတင်ဖွင့်လှစ်ခဲ့သော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနခွဲ(မုံရွာ)တွင် ယခုဩဂုတ်လအထိ သုံးနှစ်တာကာလအတွင်း ၉၁၂၉ ဦးအား နိုင်ငံကူးလက်မှတ်ထုတ်ပေးခဲ့သော်လည်း ယခုအထိ မုံရွာဌာနခွဲတွင် လုပ်ရမည်ကို သိရှိသူနည်းပြီး ရန်ကုန်သို့သာ သွားရောက်လုပ်ကိုင်သူများသောကြောင့် ခရီးစရိတ်နှင့် အခြားကုန်ကျစရိတ် များပြားနေကြောင်း မုံရွာဌာနခွဲတာဝန်ခံ ရဲအုပ် မြင့်ဆွေထံမှ သိရသည်။

"မုံရွာဌာနခွဲအနေနဲ့ နိုင်ငံကူးလက်မှတ်စာအုပ် လာလျှောက်သူတွေကို ၁၁ ရက်နဲ့ စာအုပ်ရအောင် အပြီး ဆောင်ရွက်ပေးနေပါတယ်။ စာအုပ်လာလျှောက်တဲ့သူ အနေနဲ့ မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုဇယားမူရင်းနဲ့အတူ လူကိုယ်တိုင် လာရောက်လက်ဗွေနှိပ်၊ ဓာတ်ပုံရိုက်ပြီးလို့ သတ်မှတ်ထားတဲ့ အချက်တွေနဲ့ ပြည့်စုံရင်လုပ်ပေးတာ ၁၁ ရက်ထဲနဲ့ လက်မှတ်စာအုပ်ရမှာ ဖြစ်ပါတယ်။ သာသနာ့ဝန်ထမ်းဖြစ်ရင်လည်း မြို့နယ်သံဃနာယကရဲ့ ထောက်ခံချက်နဲ့အတူ သာသနာရေးစိစစ်ရေးကတ်အစစ်နဲ့ လာရောက်လျှောက်ထားရင် ရပါပြီ။ အသက် ၁၀ နှစ် မပြည့်တဲ့ ကလေးတွေလျှောက်ရင် မွေးစာရင်းမူရင်းနဲ့ လျှောက်ထားရမှာပါ။

လက်မှတ် လျှောက်တဲ့သူက အိမ်ထောင်စုဇယားမူရင်းနဲ့ မှတ်ပုံတင်ပြရင် လူဝင်မှုကြီးကြပ်ရေးက မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး မှန်ကန်ရင် ချလန်ရောင်းပေးပါတယ်။ အဲဒါကို ဖောင်ဖြည့်ဓာတ်ပုံရိုက်ပြီး ကွန်ပျူတာမှာ လက်ဗွေနှိပ်တာတွေလုပ်ပြီးရင် စလစ်စာရွက်ကို လာလုပ်တဲ့သူကို ပြန်ပေးပါတယ်။ တစ်ဦးအနေနဲ့ ကုန်ကျစရိတ်မှာ စာအုပ်ဖိုး ကျပ် ၁၉၀၀၀၊ အွန်လိုင်းကြေး ၁၀၀၀၊ ဓာတ်ပုံဖိုး ၂၀၀၀၊ ဝန်ဆောင်ခက ၁၈၀၀၊ ပုံစံဖိုးက ၂၀၀ စုစုပေါင်း ကျပ် ၂၅၀၀၀ ကျသင့်ပါတယ်"ဟု ရဲအုပ်မြင့်ဆွေက ပြောသည်။

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးဌာနခွဲ(မုံရွာ)အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်တို့တွင် ဌာနခွဲ ၁၅ ခုရှိရာ ဌာနခွဲများတွင် သက်တမ်းငါးနှစ်ရှိ သာမန်နိုင်ငံကူးလက်မှတ်များကို ထုတ်ပေးနေခြင်းဖြစ်ပြီး ပြည်ပသွားရောက်အလုပ်လုပ်ကိုင်သူများနှင့် အလည်အပတ်သွားသူများ လူလိမ်ခံရမည့်ဘေးမှကင်းဝေးစေရန် ပညာပေးဟောပြောပွဲများကို ကျေးရွာများအရောက် သွားရောက်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း မုံရွာဌာနခွဲတာဝန်ခံ ရဲအုပ်မြင့်ဆွေထံမှ သိရသည်။

နိုင်ငံကူးလက်မှတ် လာရောက်လျှောက်ထားသူများတွင်အလုပ်သွားလုပ်မည့်သူများ လျှောက်ထားမှုပိုများပြီး ကိုရီးယား၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံများသို့အသွားများပြီး အလည်အပတ်ဘုရားဖူးနှင့် ဆေးကုသွားသူများအနေဖြင့် အိန္ဒိယ၊ မက္ကာ(ဆော်ဒီ)၊ တရုတ်၊ ထိုင်ဝမ်နှင့် ဗုဒ္ဓဂယာများသို့ သွားရောက်ရန် လျှောက်ထားကြကြောင်း သိရသည်။

မုံရွာဌာနခွဲသို့အလုပ်သွားရန်နှင့် ဆေးကုနှင့် အလည်အပတ်သွားရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ပုလဲယင်းမာပင်နှင့် ဆားလင်းကြီးဒေသများမှ လာရောက်လျှောက်ထားသူများပြားပြီး ပွဲစားဖြင့် လာရောက်လုပ်ကိုင်ခြင်းများကို အထူးတင်းကျပ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများအား ဖမ်းဆီးအရေးယူမှုများ ပြုလုပ်

**သုံးခွ စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးနှင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားမှုလျော့နည်းစေရေးအတွက် သုံးခွမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး အမှတ်(၆၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒု-ရဲမှူးအောင်နိုင်ဦး ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့မရဲစခန်းမှရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက်မှစ၍ သုံးခွမြို့နယ်အတွင်း စီမံချက်ဖြင့် စစ်ဆေးအရေးယူလျက်ရှိရာ စက်တင်ဘာ ၅ ရက်အထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာဘဲ ဖောက်ဖျက်ကျူးလွန်သော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် အနေ့းယာဉ်မောင်းနှင်သူ စုစုပေါင်း ၁၀ ဦးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

**(၆၈၉)**

# လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ခြင်း ဆရာဖြစ်သင်တန်းဖွင့်

**မကွေး စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်မှ ဒီမိုကရက်တစ် လူမှုပတ်ဝန်းကျင်ဖြစ်လာစေရန်အတွက် လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းကို စက်တင်ဘာ ၃ ရက်က စတင်ပြီး မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို နိုင်ငံသားအခွင့်အရေးနှင့် တာဝန်များ၊ အစိုးရလွှတ်တော်တို့၏ အခန်းကဏ္ဍတို့ကို ဦးဆောင်ဆွေးနွေးပြီး လူငယ်များအတွင်း ပြန်လည်မျှဝေနိုင်သည်အထိ သိရှိလာစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းကို စက်တင်ဘာ ၃ ရက်မှ ၁၀ ရက်အထိ ရှစ်ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ ခုမှ သင်တန်းသား ၂၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၈**

**ရန်ကုန်(ရွှေဈေး)** ၈၆၇၀၀၀ - ၈၆၆၅၀၀ **မန္တလေး(ရွှေဈေး)** ၈၆၇၀၀၀ - ၈၆၆၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၁၀/၆၂၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၄၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၀/၅၈၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၅ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၈၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၆၆.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၂.၃၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅.၀၇၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉.၅၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၈၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၉၄.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁.၄၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၃.၀၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၂.၂၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ကြေးမုံ ရုပ်ရှင်အညွှန်း




# "အနူးဘာစ်" မြန်မာရုပ်ရှင်ဇာတ်ကားသစ် စတင်ရုံတင်ပြသ

ဒါရိုက်တာနှင့် သရုပ်ဆောင်အဖြစ် အကယ်ဒမီလူမင်းက ခေါင်းဆောင် ပါဝင်ထားပြီး ပြည်သူ့အချစ်တော် သရုပ်ဆောင်များဖြစ်ကြသည့် နေတိုး၊ ဝတ်မှုန်ရွှေရည်နှင့် ရွှေမှုန်ရတီတို့ ပါဝင်သရုပ်ဆောင်ထားသော 'အနူးဘာစ်' မြန်မာရုပ်ရှင်ဇာတ်ကားကို ယခုတစ်ပတ်၌ ရုံတင်ပြသမည်ဖြစ်သည်။

ခေတ်လူငယ်တစ်ဦးဖြစ်ပြီး ရိုးရိုးအေးအေး နေထိုင်တတ်သူတစ်ဦးဖြစ်သည့် လပြည့်ကျော်သည် ထူးဆန်းစွာ ပရလောကနှင့် အဆက်အသွယ်ရှိသော အဘွားဖြစ်သူပေးခဲ့သည့် အမွေကြောင့် ထူးခြားသောအခြေအနေများ ကြုံကြိုက်တိုင်း သေခြင်းတရားနှင့်ပတ်သက်သော မရဏနိမိတ်အမြင်များ ရခဲ့သည်။

ထိုမရဏနိမိတ်အမြင်များရှိနေသည့် လပြည့်ကျော်သည် မိမိမျက်စိရှေ့တွင် မရဏနိမိတ်များမြင်တွေ့ရပါက လိုက်လံတားဆီးသတိပေးခြင်းများ ပြုလုပ်သော်လည်း အချို့က အထင်လွဲမှားကာ ရန်ပြုသည်များလည်းရှိခဲ့သည်။

နောက်ဆုံးတွင် လပြည့်ကျော် နှစ်သက်ရသူ အမျိုးသမီးတစ်ဦးတွင် ထိုနိမိတ်တွေ့ရသောအခါ လိုက်လံသတိပေး တားဆီးဖို့ကြိုးစားရင်း နောက်ဆုံးတွင် မည်သို့မည်ပုံ အဆုံးသတ်မည်ကို စိတ်ဝင်စားဖွယ် ကြည့်ရှုကြရမည့် မြန်မာရုပ်ရှင်ဇာတ်ကားသစ်ဖြစ်သည်။

ယင်းဇာတ်ကားတွင် ဧည့်သည်သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ရာဇာနေဝင်း၊ နန်းခင်ဇေယျာ၊ Snare တို့က ပါဝင်သရုပ်ဆောင်ထားကြသည်။

ယခုတစ်ပတ်တွင်မှ အသစ်ရုံတင်ပြသမည့်'အနူးဘာစ်' မြန်မာရုပ်ရှင်ဇာတ်ကားသစ်ကို သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ တော့ပ်ရှိုင်ရယ် စိန်ဂေဟာပါရမီ၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)လှည်းတန်း၊ စံရိပ်ငြိမ်၊ ဝင်းလိုက်၊ မြို့မနှင့် မင်္ဂလာထွန်းသီရိ အဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် စက်တင်ဘာ ၉ ရက်မှ စတင်ကာ ရုံတင်ပြသမည်ဖြစ်သည်။

ယခုတစ်ပတ်တွင် ပြသဆဲမြန်မာဟာသဇာတ်ကား 'ဘောစိ'ကိုလည်း ဆက်လက်ရုံတင်ပြသသွားမည်ဖြစ်ကာ ဂျက်ကီချန်း၏ Skiptrace၊ တောင်ကိုရီးယား ဇွန်ဘီဇာတ်ကား Train To Busan နှင့် ချစ်ခြင်းမေတ္တာဖွဲ့ဇာတ်ကား Pete's Dragon တို့ကို ဆက်လက်ပြသသွားမည်ဖြစ်ကာ Angry Bird အန်နီမေးရှင်း ဇာတ်ကားသစ်ကိုလည်း ယခုတစ်ပတ်တွင် အသစ်ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်ပါကြောင်း ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှ သတင်းကောင်းပါးလိုက်ရပါသည်။

**ဖြိုးစန္ဒာမြင့်**

# ထိုင်ဝမ်ဒါရိုက်တာက မြန်မာရွှေ့ပြောင်းအလုပ်သမားများအကြောင်း ဖန်တီးထားသည့် The Road to Mandalay ဇာတ်ကား ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် ပြသ

ထိုင်းနိုင်ငံတွင် တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အကျပ်အတည်းဒုက္ခများအကြောင်းကို ပုံဖော်ရိုက်ကူးထားသည့် The Road to Mandalay အမည်ရှိ ဒရမ်မာဇာတ်ကားကို စက်တင်ဘာ ၅ ရက်က ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ယင်းဇာတ်ကားကို မြန်မာပြည်တွင် မွေးဖွားခဲ့ပြီး ထိုင်ဝမ်တွင်ကြီးပြင်းခဲ့သည့် ဒါရိုက်တာ Midi Zhao က ဇာတ်ညွှန်းပိုင်းဆိုင်ရာများကိုပါ ပူးတွဲတာဝန်ယူ ဆောင်ရွက်ထားပြီး သရုပ်ဆောင်များအဖြစ် ထိုင်ဝမ်သရုပ်ဆောင်များဖြစ်သည့် Wu Ke-Xi နှင့် Ko Chen-tung တို့က ပါဝင်သရုပ်ဆောင်ထားသည်။ ထို့အပြင် အဆိုပါဇာတ်ကားကို မြန်မာ၊ ထိုင်ဝမ်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့တွင် သွားရောက်ရိုက်ကူးထားခြင်းဖြစ်သည်ဟုလည်း သိရသည်။

The Road to Mandalay ဇာတ်ကားတွင် Wu Ke-Xi နှင့် Ko Chen-tung တို့က ဘဝအခြေအနေပိုမိုမြင့်မားရေးအတွက် မြန်မာနိုင်ငံနယ်စပ်မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ သွားရောက်အလုပ်လုပ်ကိုင်ကြရာမှ တရားမဝင်အလုပ်သမားများဖြစ်ခဲ့ပြီး ယင်းဇာတ်ကား၏ အဓိကရည်ရွယ်ချက်မှာ တရားမဝင်အလုပ်သမားများ တကယ့်လက်တွေ့ဘဝတွင် ခံစားနေရသည့် အကျပ်အတည်းများနှင့် ၎င်းတို့ကို စာနာနားလည် သဘောပေါက်နိုင်စေရေး ရည်ရွယ်ကြောင်း ဒါရိုက်တာ Midi Zhao က အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။

"ဒီဇာတ်ကားအတွက် ဇာတ်ညွှန်းပိုင်းဆိုင်ရာကို ၂၀၀၉ ခုနှစ်ကတည်းက ဗားရှင်း ၁၀ မျိုးလောက်နဲ့ ရေးခဲ့တာပါ။ ထိုင်းနိုင်ငံမှာ အလုပ်လုပ်နေတဲ့ တရားမဝင်မြန်မာရွှေ့ပြောင်းလုပ်သားတစ်ရာကျော်ကို တွေ့ဆုံမေးမြန်းပြီး သူတို့ရဲ့ ထွက်ဆိုချက်တွေနဲ့ ဒီဇာတ်လမ်းကို ဖန်တီးထားတာပါ"ဟု ဒါရိုက်တာ Midi Zhao က ဆိုသည်။

ဆက်လက်ပြီး ယင်းဇာတ်ကား၏အဓိကကျောရိုးဖြစ်သည့် ရွှေ့ပြောင်းလုပ်သားကိစ္စသည် ၎င်း၏မိသားစုအတွင်းတွင်လည်း လက်တွေ့ခံစားခဲ့ရဖူးသည့် ကိုယ်တွေ့အဖြစ်အပျက်တစ်ခုလည်းဖြစ်ကြောင်း ဆိုသည်။

The Road to Mandalay ဇာတ်ကားတွင် အခြားလူငယ်လူရွယ်များအနေဖြင့် လည်း ထိုဇာတ်ကားကို ကြည့်ရှုကာ ကိုယ်ချင်းစာပြီး အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်ထားကြောင်းလည်း သိရသည်။

မြန်မာပြည်နွယ်ဖွား ထိုင်ဝမ်ဒါရိုက်တာ Midi Zhao ၏ ၂၀၁၄ ခုနှစ်က ရိုက်ကူးပုံဖော်ခဲ့သည့် Ice Poison ထိုင်ဝမ်ဒရမ်မာဇာတ်ကားသည် ထိုင်ဝမ်ကိုယ်စားပြုအဖြစ် (၈၇)ကြိမ်မြောက် အော်စကာအကယ်ဒမီဆုပေးပွဲ၏ Best Foreign Language Film ကဏ္ဍတွင် တစ်ကားအပါအဝင် ဖြစ်ခဲ့သည်။ **(မျိုးစန္ဒာမောင်)**



**The Road to Mandalay ဇာတ်ကားမှ မင်းသား Wu Ke-Xi၊ မင်းသမီး Ko Chen-tung နှင့် ဒါရိုက်တာတို့အား (၇၃)ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် တွေ့ရစဉ်။**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၉- ၉ -၂၀၁၆ (သောကြာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၅း၃၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
၅း၃၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ" (အပိုင်း-၈၁)
၆း၁၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၄၁)
၆း၅၀ MRTV Entertainment Music
၇း၀၀ ခေတ်သစ်ဧကရီအနုပညာကပွဲ တိုက်ရိုက်ထုတ်လွှင့်မှု

**၁၀-၉-၂၀၁၆(စနေနေ့)**

၀၀း၀၅ MRTV Entertainment Music
၀၀း၁၅ Permier League (Review)
၁း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ" (အပိုင်း-၈၁)
၁း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၄၁)
၂း၃၀ MRTV Entertainment Music
၂း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း "မင်းနဲ့မှချစ်တတ်ပြီ"
၄း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း "သတို့သမီးဝှက်တမ်း"
၆း၀၀ အစီအစဉ်ပြီး၏

**နံနက်(၆း၀၀)မှ ညနေ(၆း၀၀)ထိကို အမှတ်စဉ် (၆)မှ(၁၃)ထိ (၂)ကြိမ် ပြသပါသည်။**

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၂၀ မေတ္တာပို့
၇း၂၅ ဓမ္မပူဇာတေး
၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၂၀ ရှေးဟောင်းသုတ
၈း၃၅ DVD Hits
၈း၄၅ ဇာတ်လမ်းတို
၉း၁၅ လျှပ်တစ်ပြက်
၉း၂၅ ဒေသန္တရဗဟုသုတ အစုံစုံအလှဖုံဖုံ
၉း၄၀ ချစ်သူစုံတွဲတူယှဉ်နွဲ
၉း၅၀ Casual Talk
၁၀း၁၅ မေးမြန်းစူးစမ်း
၁၀း၃၅ Cooking Art
၁၁း၁၀ သူနှင့်သူ၏သီချင်းများ
၁၁း၂၅ မြန်မာ့ရှုခင်း
၁၁း၃၅ မောင်မယ်လေးများသိစေချင်
၁၂း၀၀ World Wide Web
၁၂း၁၀ မြန်မာသံစဉ်ချိုနားဝင်
၁၂း၃၅ သီချင်းလက်ဆောင်
၄း၂၅ အောင်မြင်ကျော်ကြား ခေတ်ပြားတေးများ
၄း၄၅ သီချင်းလက်ဆောင်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အယ်ဒါနာ အပိုင်း(၅၄)
၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
၆း၃၅ ကိုယ်ပျောက်လူသား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဘောလုံးကန်ကြမယ်
- အနုပညာရှင်ရဲ့ ဗိုင်ယာရီတစ်မျက်နှာ
- ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်

### MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
၅း၄၀ "ဗုဒ္ဓသားတို့၏ လူနေမှု" တရားတော် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ Food &Decor
၁၁း၄၀ ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ရုပ်ရှင်ဇာတ်ကားကြီး ကန်တော့ပွဲပေးခြင်း အခမ်းအနား
၁၂း၃၅ အနုပညာမိုးကောင်းကင်
၃း၅၀ Cartoon Series (English Play Ground)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၅၉)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို"(အပိုင်း-၄၆)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၀၄)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိမိန်းမလှလေး" (အပိုင်း-၂၉)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၀၅ MRTV-4 Stage
၁၀း၃၅ World of Knowledge (Ultimate Survival Alaska- In To The Void

### mitv

07:26 Discovering Tribes "Rvwang"
07:52 Black Gold (Part- I)
08:26 Continuation In Rural Tradition
09:26 A Real Dream Of Accidental Gift
09:51 Today Myanmar "Union Peace Conference from 21st Century Panglong to the Eternal Peace"
10:26 The Green Corner "Newspaper Flower"
10:36 The World's Largest Book
07:26 A Journey To Southern Shan State (Ep-3)
07:41 Delicacies From Magwe
07:50 Welcome to the Southernmost Part of Myanmar
08:26 The Stories Of The Great Souls (Daw Saw Mone Nyin- A Living Literary Legend Of Myanmar)
08:52 Sagaing: Gold Leaf

# ကြယ်ပွင့်ကစားသမားများနဲ့ စစ်ခင်းဖို့ ဝန်မလေးသူ (သို့မဟုတ်) ဂွါဒီယိုလာ

မေ လဲ့ သင်း






ဂွါဒီယိုလာလို့ ပြောလိုက်တာနဲ့ ဘောလုံးပရိသတ်တွေ ကမ္ဘာ့အအောင်မြင်ဆုံး နည်းပြတစ်ဦးရဲ့ ပုံရိပ်ကို မျက်စိထဲ တန်းခနဲ ပြေးမြင်မိကြမှာပါ။ ၂၀၀၈ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ရှစ်နှစ်တာကာလအတွင်း ဘယ်နည်းပြကမျှ ဂွါဒီယိုလာ ရယူခဲ့တဲ့ ဆုဖလားအရေအတွက် ကို လိုက်မီအောင်ရယူနိုင်ခြင်း မရှိခဲ့ကြပါဘူး။ ဒီလိုဆိုတော့ ဂွါဒီယိုလာ ဘယ်လိုနည်းပြလည်းဆိုတာ ယေဘုယျတော့ သဘောပေါက်ကြမှာဖြစ်ပါတယ်။ ဂွါဒီယိုလာဟာ သူရောက်ရှိလာတယ်ဆိုတာနဲ့ အပြောင်းအလဲတွေကို စိတ်တိုင်းကျဖော်ဆောင်တတ်သူဖြစ်တာကြောင့် အသင်းရဲ့ မတို့ရမထိရ နာမည်ကျော် ကစားသမားတွေကိုလည်း ချန်လှပ်ဖို့ ဝန်ဝေးတတ်သူတစ်ဦးမဟုတ်တဲ့အတွက် တစ်ဖက်မှာ နာမည်ကျော် ကစားသမားအချို့ရဲ့ မုန်းတီးခံရတဲ့ နည်းပြတစ်ဦးလည်း ဖြစ်နေပြန်ပါတယ်။

ဒီတော့ ဂွါဒီယိုလာရဲ့ နည်းပြဘဝဖြစ်စဉ်အကြောင်း အနည်းငယ် ပြန်ပြောင်းစဉ်းစားကြည့်ရအောင်ပါ။ ၂၀၀၈ ခုနှစ် ဖရန့်ရီကတ်နေရာမှာ အစားထိုးခန့်အပ်ခံရတဲ့ ဂွါဒီယိုလာက ဘာစီလိုနာနည်းပြအဖြစ် တာဝန်ယူချိန်မှာ အဲဒီအချိန်က ဘာကာရဲ့ "မတို့ရမထိရတဲ့ ကစားသမားစာရင်းဝင်" ရိုနယ်လ်ဒင်ဟို၊ ဒေကိုတို့ဟာ အသင်းရဲ့ အနာဂတ်အစီအစဉ်မှာ ပါဝင်တော့မှာ မဟုတ်ဘူးလို့ ကြေညာခဲ့ပြီး သူရမ်၊ ဇမ်ဘရော့တာ၊ ဒေါ့စ်ဆန်းတို့စ်တို့ကိုလည်း အသင်းကနေ ထွက်ခွာခွင့်ပေးခဲ့ပါတယ်။ အဲဒီနောက်ပီကေးကို မန်ယူကနေ ပြန်လည်ခေါ်ယူခဲ့သလို၊ ဆီဗီလာမှ ကီတာ၊ ဒန်နီအဲဗက်စ်တို့အပြင် အာဆင်နယ်မှ အလက်န္ဒားဟက်ပ်တို့ကို ခေါ်ယူခဲ့ပြီး ဘာစီလိုနာ လူငယ်အသင်းက ကစားသမားတွေဖြစ်တဲ့ ဘက်စကွက်၊ ပက်ဒရို၊ဂျက်ဖရန် ဆွာရက်ဇ်တို့ကို အသင်းကြီးမှာ နေရာပေးကာ ဘာစီလိုနာကို သွေးသစ်ပြန်လောင်းခဲ့ပါတယ်။ အဲဒီနောက် ဘာစီလိုနာရဲ့ တစ်ရာသီထဲ ဖလားသုံးလုံးဆွတ်ခူးနိုင်ခဲ့တဲ့ အောင်မြင်မှုကြောင့် ဂွါဒီယိုလာဟာ ချန်ပီယံလိဂ်ဖလား ကိုင်မြှောက်နိုင်တဲ့ အသက်အငယ်ဆုံး နည်းပြဖြစ်လာခဲ့တဲ့အပြင် သူ့ရဲ့ နာမည်ဂုဏ်သတင်းက ဥရောပဘောလုံးရပ်ဝန်းမှာ တစ်ရှိန်ထိုးကျော်ကြားလာခဲ့ပါတယ်။

အဲဒီအချိန်က ဘာစီလိုနာရဲ့ ဖလားသုံးလုံးအောင်မြင်မှုကြောင့်သာ စောင့်ကြည့်နေတဲ့ မျက်လုံးတွေ အားလုံးရပ်တန့်သွားခဲ့တာဖြစ်ပြီး တကယ်လို့ အောင်မြင်မှုမရခဲ့ရင် အသင်းက ကြယ်ပွင့်ကစားသမား အများအပြားကို ထွက်ခွင့်ပေးခဲ့တဲ့ ဂွါဒီယိုလာအနေနဲ့ အကြီးအကျယ်ပြဿနာ တက်နိုင်တဲ့ အနေအထားပါ။ ဂွါဒီယိုလာဟာ ခြေစွမ်းပိုင်းထူးချွန်တဲ့ အသက်(၂၁)နှစ်အရွယ် မက်ဆီ အနေနဲ့ ရိုနယ်ဒင်ဟို၊ ဒေကိုတို့ရဲ့ လွှမ်းမိုးမှုအရိပ်အောက် အလွယ်တကူရောက်ရှိနိုင်တယ်လို့ ယူဆတာကြောင့် ဒီလိုစည်းကမ်းပိုင်းအားနည်းတဲ့ စီနီယာကစားသမားတွေရဲ့ အကျင့်ဆိုးတွေ လူငယ်တွေကို ကူးစက်မှာစိုးလို့ ရဲရဲဝံ့ဝံ့ပဲ ထုတ်ရောင်းခဲ့တာဖြစ်ပါတယ်။ အီတူးဆိုရင် နည်းပြတိုင်းအတွက် ပြဿနာကစားသမားတစ်ဦးဖြစ်နေပြီး သူ့နေရာကို အစားထိုးနိုင်မယ့်သူ မရှိနိုင်တာကြောင့်သာ နည်းပြတွေက ဆက်ထိန်းထားကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် ဂွါဒီယိုလာအတွက်တော့ ခြွင်းချက်ဆိုတာ မရှိတာကြောင့် ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ အီတူးရဲ့သွင်းဂိုးနဲ့ ဘာစီလိုနာ ချန်ပီယံဖြစ်ခဲ့ပေမယ့် ပွဲအပြီးမှာ "အီတူးဘာကာက ထွက်တော့မယ်"လို့ ကြေညာခဲ့တာဖြစ်ပါတယ်။

အီတူးကတော့"ကျွန်တော့်ရှေ့မှာ သူဒီအကြောင်းကို သတ္တိရှိရှိ မပြောရဲပါဘူး။ ဘာစီလိုနာနဲ့ အင်တာမီလန်တို့တွေ့ဆုံတဲ့ပွဲမှာ အင်တာအတွက် ကျွန်တော်ကစားတော့ သူကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပါတယ်။ ဒါပေမယ့် ပြိုင်ပွဲမစတင်မီ နောက်ကွယ်မှာကျတော့ ကျွန်တော့်ကို နှုတ်တောင်မဆက်ပါဘူး" လို့ ၂၀၁၄ ခုနှစ် အင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့ပါတယ်။ ဟုတ်ပါတယ်။ အဲဒီအချိန်က ဘာစီလိုနာအသင်းရဲ့ အတွင်းစည်းထဲမှာ နည်းပြနဲ့ စီနီယာကစားသမားတွေ အားပြိုင်မှုဖြစ်နေပြီး ဘုတ်အဖွဲ့ဝင်တွေကလည်း ဒီအခြေအနေတွေကို စိုးရိမ်တကြီး စောင့်ကြည့်နေကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီပြဿနာတွေကို ဂွါဒီယိုလာ ကောင်းကောင်း ကိုင်တွယ်ပြခဲ့ပြီး အီတူးနေရာ အီဗရာဟီမိုဗစ်ချ်နဲ့ အစားထိုးဖို့ အားထုတ်ခဲ့ပါတယ်။ အီဗရာဟီမိုဗစ်ချ်ဟာ ဂွါဒီယိုလာ မျှော်လင့်ထားသလို အီတူးရဲ့ ကွက်လပ်ကို လုံလောက်အောင် ဖြည့်စွမ်းနိုင်မှု မရှိခဲ့တာကြောင့် မက်ဆီကို ဗဟိုတိုက်စစ်နေရာထားကစားပြီး အီဗရာဟီမိုဗစ်ချ်ကို အရန်ခုံမှာ ထိုင်ခိုင်းခဲ့ပါတယ်။ ဒါပေမယ့် အဲဒီနှစ်မှာ ဘာစီလိုနာအသင်းဟာ ကမ္ဘာ့ကလပ်ချန်ပီယံဖလားနဲ့ လာလီဂါဖလားတို့သာ ဆွတ်ခူးနိုင်ခဲ့တာကြောင့် ဘာကာရဲ့ အနေအထား အနည်းငယ် ယိမ်းယိုင်သွားခဲ့တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

အီဗရာဟီမိုဗစ်ချ်ကသူရဲ့ "ကျွန်တော် ဇလာတန်ဖြစ်သည်" ဆိုတဲ့ စာအုပ်ထဲမှာ "မက်ဆီ၊ဇာဗီနဲ့ အင်နီယစေတာတို့ဟာ ဂွါဒီယိုလာ ဘာပြောပြော စောဒကမတက်ကြဘဲ ကောင်းကောင်းနာခံတတ်သူတွေ ဆိုတော့ အဝတ်လဲခန်းဟာ ငြိမ်သက်တိတ်ဆိတ်နေပါတယ်။ ကျွန်တော်ကတော့ သူတို့လို လူမျိုးလည်းမဟုတ်သလို နည်းပြနဲ့လည်း သိပ်ပြီးအဆက်အသွယ်လုပ်တတ်သူ မဟုတ်ပါဘူး။ ဒါကြောင့် မက်ဆီက သူကစားချင်တဲ့ ဗဟိုတိုက်စစ်နေရာမှာ ကစားခွင့်ရခဲ့ပြီး ကျွန်တော်ကတော့ ချောင်ထဲရောက်သွားပါတယ်" လို့ ရေးသားခဲ့ပါတယ်။

ဂွါဒီယိုလာရဲ့ ပွဲထွက်ကစားသမား ရွေးချယ်မှုဟာ သူတို့ရဲ့ နဂိုရှိပြီးသား နာမည်ဂုဏ်သတင်းတွေအပေါ်ကြည့်ပြီး ဆုံးဖြတ်တာမဟုတ်ဘဲ စည်းကမ်းသေဝပ်နာခံမှု၊ အဖွဲ့အစည်း စိတ်ဓာတ်ရှိမှုတွေ အပေါ်သာ အခြေခံပါတယ်။ ဂွါဒီယိုလာဟာ ပြင်ပနေထိုင်မှုပုံစံက ကွင်းတွင်ခြေစွမ်းကို တိုက်ရိုက်သက်ရောက်မှုရှိသူလို ယုံကြည်သူပါ။ ဒါကြောင့်လည်း ဘာစီလိုနာ နောက်ခံလူ ဂျာရတ်ပီကေးတစ်ယောက် ပြင်ပလူနေမှုဘဝမှာ လက်တင်အဆိုတော် ရှာကီးယားနဲ့ ပါတီပွဲတွေပဲနွှဲနေသလား၊ ဘာတွေလုပ်နေသလဲဆိုတာ သိနိုင်ဖို့ စပိုင်ငှားကာ လေ့လာမှုပြုခဲ့သလို အခြားကစားသမားတွေကိုလည်း ဒီနည်းနဲ့ ထိန်းကျောင်းဖို့ကြိုးပမ်းခဲ့သူပါ။ ဒီလိုကစားသမားများရဲ့ ပြင်ပဘဝနေထိုင်မှုစည်းထဲထိ စွတ်ဖက်တတ်တဲ့ အမူအကျင့်ကြောင့် နောက်ပိုင်းမှာ မက်ဆီ၊ ဖာဘရီဂတ်စ်တို့နဲ့ပါ အဆင်မပြေဖြစ်ခဲ့ရတယ်လို့ သိရပါတယ်။

သူက ဘိုင်ယန်မြူးနစ်မှာလည်း အလားတူပုံစံအတိုင်း ဆက်လက်ကျင့်သုံးခဲ့ပေမယ့် ဘိုင်ယန်အသင်းသားတွေဟာ ဂျက်ပ်ဟေးနက်လက်အောက်မှာ ဖလားသုံးလုံးရယူပြီး စည်းကမ်းသေဝပ်ပြီးသား အဖွဲ့အစည်းဖြစ်တာကြောင့် နည်းပြနဲ့ ကစားသမားများအကြား ပြဿနာကြီးကြီးမားမား မရှိခဲ့ပါဘူး။ ဒါပေမယ့် ဘိုင်ယန်ကွင်းလယ်လူ ရီဘာရီနဲ့ အဆင်မပြေခဲ့ဘဲ ရီဘာရီက "အန်စလော့တီက ကစားသမားတွေကို ဘယ်လိုဆက်ဆံရမလဲဆိုတာ ကောင်းကောင်းသိသူပါ။ ကျွန်တော်အနေနဲ့ ဂျက်ပ်ဟေးနက်၊ ဟာစ်ဖ်ဖက်ထ်၊ အန်စလော့တီတို့လို နည်းပြတွေနဲ့သာ လက်တွဲအလုပ်လုပ်လိုပါတယ်။ သူတို့က ကစားသမားတွေမှာ ရှိပြီးသား စွမ်းအင်တွေကို ထုတ်သုံးနိုင်အောင် ယုံကြည်မှုပေးတဲ့ ပုဂ္ဂိုလ်တွေပါ"လို့ ဂွါဒီယိုလာ မန်စီးတီးအသင်းကို ထွက်ခွာသွားပြီး သိပ်မကြာခင်ကာလမှာပဲ သိသိသာသာ တိုက်ခိုက်ခဲ့ပါတယ်။

ဂွါဒီယိုလာဟာ စည်းကမ်းလိုက်နာနိုင်မှုအပြင် ကစားသမားများရဲ့ ကြံ့ခိုင်မှုအပိုင်းကိုလည်း စဉ်ဆက်မပြတ်အကဲဖြတ်နေတတ်သူဖြစ်ပါတယ်။ ဒါကြောင့် ဘိုင်ယန်မြူးနစ်မှာ အသင်းရဲ့ ဂန္ထဝင်ကစားသမားလို့ ခေါ်ဆိုနိုင်တဲ့ ရှဝိန်းစတိုင်ဂါကို လိုအပ်တဲ့ အဆင့်တစ်ရပ်အောက် ရောက်ရှိသွားပြီလို့ သူသတ်မှတ်တဲ့အချိန်မှာ ထုတ်ရောင်းခဲ့တာဖြစ်ပါတယ်။ "အသင်းမှာ အကျဉ်းသားမရှိရေး"ဆိုတဲ့ သူရဲ့မူဝါဒအရ အသင်းမှာ နေရာမရလို့ အသင်းပြောင်းချင်တဲ့ ကစားသမားတိုင်းကိုလည်း အသင်းမှာ အောင့်အီးသည်းခံပြီး နေစရာမလိုဘဲ လွတ်လွတ်လပ်လပ် ထွက်ခွာခွင့်ပေးခဲ့တာကို တွေ့ရပါတယ်။ မန်စီးတီးရဲ့ စတား ဂိုးဟတ်ကိုလည်း တိုရီနိုကို အငှားချခဲ့သလို မန်ဂန်လာ၊ နာဆရီတို့ကိုလည်း ဒီနည်းအတိုင်းပဲ ဆက်ဆံခဲ့ပါတယ်။

ယာယာတိုရေးကတော့ နောက်ဆုံးဥပမာပြရမယ့်သူပါ။ ယာယာဟာ မန်စီးတီးကွင်းလယ်ရဲ့ ဘုရင်တစ်ဆူလို့ တင်စားခံရသူဖြစ်ပေမယ့် ဂွါဒီယိုလာလက်အောက်မှာတော့ နေရာမရဘဲ ချန်ပီယံလိဂ် လူစာရင်းမှ ချန်လှပ်ခံရတာကြောင့် ယာယာတိုရေးရဲ့ ကိုယ်စားလှယ်ဖြစ်သူ ဆီလပ်ခ်က ဂွါဒီယိုလာကို ပေါ်ပေါ်ထင်ထင်ပဲ ဝေဖန်ခဲ့ပါတယ်။ ယာယာတိုရေးကတော့ "ကျွန်တော်သူ့(ဂွါဒီယိုလာ)ကို မေးခွန်းတစ်ခုမေးတိုင်း ထူးထူးဆန်းဆန်းတွေပဲ ပြန်လည်ဖြေကြားတတ်ပြီး လှလှပပ လျစ်လျူရှုသွားတတ်သူ ဖြစ်ပါတယ်။ ဒါ့ကြောင့် မန်စီးတီးက ထွက်ခွာဖို့ကလွဲရင် ကျွန်တော့်မှာ အခြားရွေးစရာ နည်းလမ်းမရှိပါဘူး" လို့ပြောပါတယ်။ အားလုံးက ဂွါဒီယိုလာရဲ့ အရည်အချင်းအပေါ် သံသယမရှိကြပေမယ့် တစ်ဖက်မှာလည်း ဒီလိုမာကျောတဲ့ စရိုက်လက္ခဏာဟာ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်စေနိုင်တယ်လို့ ရှုမြင်သူတွေလည်း ရှိပါတယ်။

ဂွါဒီယိုလာ ကျင့်သုံးတဲ့ နည်းစနစ်ဟာ လူမှုဘဝ လွတ်လပ်မှုကို ထိခိုက်စေပေမယ့် ပရော်ဖက်ရှင်နယ် စိတ်ဓာတ်ပိုမိုပီပြင်လာမှု၊ စည်းကမ်းသေဝပ်မှုဆိုတဲ့ ခေါင်းစဉ်အောက်မှာ အသင်းရဲ့ ဟန်ချက်ညီမှုကို အထောက်အပံ့ပြုတာကြောင့် မက်ဆီ၊ ပူယိုးလ်၊ ဇာဗီ၊ ဖိလစ်လမ်း၊ ချူအာတို့လို ကစားသမားတွေဆိုရင် ပိုပြီးတောင် တိုးတက်လာတာကို တွေ့ရပါတယ်။

အားလုံးကတော့ အန်စလော့တီလို ကစားသမားတွေရဲ့ ချစ်ခင်နှစ်သက်မှုရရှိပြီး အသင်းကို ထိန်းသိမ်းတဲ့ ပုံစံက ပိုပြီး သင့်လျော်တဲ့ နည်းလမ်းတစ်ရပ်လို့ ယေဘုယျတွေးထင်မှာဖြစ်ပါတယ်။ ဒါပေမယ့် အန်စလော့တီရဲ့ ဘောလုံးဒဿနဟာ အသင်းရဲ့ စည်းကမ်းပိုင်းကို အနည်းငယ် လျော့တိလျော့ရဲ ဖြစ်စေတာကြောင့် ရေရှည်ကျရင် ရလဒ်ပိုင်း အကျဘက်ရောက်သွားတတ်တာကို သတိပြုရပါမယ်။

ဘောလုံးလောကမှာ နည်းပြတိုင်းဟာ သူတို့ရဲ့ နည်းစနစ်၊ တွေးခေါ်မှုအတိုင်း အောင်မြင်မှုကို ပုံစံအမျိုးမျိုးနဲ့ ရှာဖွေတတ်တာကြောင့် ဂွါဒီယိုလာရဲ့ ဦးဆောင်မှုပုံစံဟာ အချို့ကစားသမားတွေအတွက် ခါးသက်နာကျင်စရာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ဘာစီလိုနာအသင်းအတွက် လေးရာသီအတွင်း ဆုဖလား ၁၄ လုံး ဆွတ်ခူးပေးခဲ့သလို ဘိုင်ယန်မြူးနစ်နဲ့ သုံးရာသီအတွင်း ဖလား ခုနစ်လုံးအထိ ရယူနိုင်ခဲ့သူဆိုတဲ့ မှတ်တမ်းကတော့ ပျောက်ပျက်သွားမယ့်အရာ မဟုတ်ပါဘူး။

သူဟာ အောင်မြင်မှုရဖို့ဆိုရင် ကြယ်ပွင့်တွေနဲ့လည်း စစ်ခင်းဖို့ ဝန်မလေးတတ်သူဆိုပေမယ့် ဒါဟာ ပုဂ္ဂိုလ်ရေး မုန်းတီးမှုသက်သက်ကြောင့် လုပ်ဆောင်တာမဟုတ်ဘူးဆိုတာကိုတော့ အမှန်တရားတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဝေဖန်မှုတွေ ဘယ်လောက်ပဲ ရှိနေပါစေ သူယုံကြည်ရာလမ်းကို ရဲရဲဝံ့ဝံ့လျှောက်လှမ်းသူ ဂွါဒီယိုလာအတွက် အောင်မြင်မှုတွေ ဆက်လက်စောင့်ကြိုနေဦးမှာဆိုတာကတော့ သေချာတဲ့ အဖြေတစ်ရပ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။ ။

# ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲ ဥပဒေများစာရင်း

**နေပြည်တော် စက်တင်ဘာ ၇**

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအား ပြည်ထောင်စုလွှတ်တော်သို့ ဩဂုတ် ၁၇ ရက်တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျင့်သုံးဆဲ ဥပဒေ ၃၉၇ ခုအနက် ဝန်ကြီးဌာနအလိုက် တာဝန်ခံစီမံခန့်ခွဲရမည့် ဥပဒေများကို ဖော်ပြအပ်ပါသည်-

**ယမန်နေ့မှအဆက်**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Lunacy Act (India Act 4, 1912, Vol. IV) | စည်ပင် | |
| ၂။ | The Myanmar Medical Degrees Act (India Act 7, 1916, Vol. IV) | မြန်မာနိုင်ငံ ဆေးကောင်စီ | |
| ၃။ | The Poisons Act (India Act 12, 1919,Vol. IV) | | |
| ၄။ | The Geneva Convention Implementing Act (India Act 14, 1936, Vol. V) | နိုင်ငံခြားရေး | |
| ၅။ | ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၁/၁၉၇၂) | | |
| ၆။ | မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ (နဝတဥပဒေအမှတ် ၂၁/၁၉၉၀) | | |
| ၇။ | အမျိုးသားဆေးဝါးဥပဒေ (နဝတဥပဒေအမှတ် ၇/၁၉၉၂) | | |
| ၈။ | မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေ (နဝတဥပဒေအမှတ် ၆/၁၉၉၃) | | |
| ၉။ | ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေ (နဝတဥပဒေအမှတ် ၁/၁၉၉၅) | | |
| ၁၀။ | မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေ (နဝတဥပဒေအမှတ် ၂/၁၉၉၆) | | |
| ၁၁။ | တိုင်းရင်းဆေးဝါးဥပဒေ (နဝတဥပဒေအမှတ် ၇/၁၉၉၆) | | |
| ၁၂။ | အမျိုးသားအစားအသောက်ဥပဒေ (နဝတဥပဒေအမှတ် ၅/၁၉၉၇) | | |
| ၁၃။ | တိုင်းရင်းဆေးကောင်စီဥပဒေ (နယကဥပဒေအမှတ် ၂/၂၀၀၀) | | |
| ၁၄။ | သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၁/၂၀၀၃) | | |
| ၁၅။ | ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (နယကဥပဒေအမှတ် ၅/၂၀၀၆) | | |
| ၁၆။ | ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၅/၂၀၀၇) | | |
| ၁၇။ | မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ (နယကဥပဒေအမှတ် ၁၂/၂၀၁၁) | | |
| ၁၈။ | ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၅၃/၂၀၁၄) | ကျန်းမာရေး/ အားကစား | |
| ၁၉။ | မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (ပထစဥပဒေအမှတ် ၂၆/၂၀၁၅) | | |
| ၂၀။ | မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေ (ပထစဥပဒေအမှတ် ၂၇/၂၀၁၅) | | |
| ၂၁။ | လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ (ပထစဥပဒေအမှတ် ၂၈/၂၀၁၅) | | |
| ၂၂။ | မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ (ပထစဥပဒေအမှတ် ၅၂/၂၀၁၅) | | |
| ၂၃။ | ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၅၈/၂၀၁၅) | | |

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Sea Customs Act (India Act 8, 1878, Vol. III) | | |
| ၂။ | The Myanmar Stamp Act (India Act 2, 1889, Vol. III) | | |
| ၃။ | The Myanmar Companies Act (India Act 3, 1914, Vol. IX) | | |
| ၄။ | The Government Securities Act (India Act X,1920,Vol. III) | | |
| ၅။ | The Land Customs Act (India Act 19, 1924, Vol. III) | | |
| ၆။ | The Partnership Act (India Act 9, 1932, Vol. IX) | | |
| ၇။ | The Administration of Public Funds Act (Myanmar Act 3, 1943, Vol. IX) | | |
| ၈။ | The Money Lenders Act, 1945 (Myanmar Act 27, 1945, Vol. X) | ပြည်ထဲရေး၊ စည်ပင် | |
| ၉။ | The Court Fees Act ( India Act 7, 1970, Vol. XII) | တရားလွှတ်တော်ချုပ် | |
| ၁၀။ | ဗိုလ်ချုပ်ရန်ပုံငွေအက်ဥပဒေ (ဥပဒေအမှတ် ၅၇/ ၁၉၄၈ ခုနှစ်၊ အတွဲ - ၉) | | |
| ၁၁။ | အထူးကုမ္ပဏီအက်ဥပဒေ (ဥပဒေအမှတ် ၅၄/ ၁၉၅၀ ပြည့်နှစ်၊ အတွဲ-၉) | | |
| ၁၂။ | ဗဟိုစာရင်းစစ်တမ်းကောက်ယူရေးအာဏာပိုင်အက်ဥပဒေ (ဥပဒေအမှတ် ၃၄/၁၉၅၂ ခုနှစ်၊ အတွဲ - ၅) | | |
| ၁၃။ | ၁၉၅၆ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းသဘောတူစာချုပ်အက်ဥပဒေ (ဥပဒေအမှတ် ၂၃/ ၁၉၅၆ ခုနှစ်) | နိုင်ငံခြားရေး | |
| ၁၄။ | အပြည်ပြည်ဆိုင်ရာကြီးပွားရေးအဖွဲ့ဥပဒေ (ဥပဒေအမှတ် ၃၁/ ၁၉၆၂ ခုနှစ်) | | |
| ၁၅။ | ၁၉၇၃ ခုနှစ်၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥပဒေ (ဥပဒေအမှတ် ၃/ ၁၉၇၃ ခုနှစ်) | | |
| ၁၆။ | ဝင်ငွေခွန်ဥပဒေ ( ဥပဒေအမှတ် ၇/ ၁၉၇၄ ခုနှစ်) | | |
| ၁၇။ | ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ (နဝတဥပဒေအမှတ် ၈/ ၁၉၉၀) | | |
| ၁၈။ | အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ (နယကဥပဒေအမှတ် ၁၈/၁၉၉၀) | ဌာန အဖွဲ့အစည်းအားလုံး | |
| ၁၉။ | အကောက်ခွန်နှုန်းဥပဒေ (နဝတဥပဒေအမှတ်၂/ ၁၉၉၂) | | |
| ၂၀။ | ငွေစုဘဏ်လုပ်ငန်းဥပဒေ (နဝတဥပဒေအမှတ် ၅/၁၉၉၂) | | |
| ၂၁။ | မြန်မာ့အာမခံဥပဒေ (နဝတဥပဒေအမှတ် ၁၀/၁၉၉၃) | | |
| ၂၂။ | အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (နဝတဥပဒေအမှတ် ၆/ ၁၉၉၆) | | |
| ၂၃။ | အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ (ပထစဥပဒေအမှတ် ၁၃/ ၂၀၁၁) | | |
| ၂၄။ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (ပထစဥပဒေအမှတ် ၂၁/၂၀၁၂) | | |
| ၂၅။ | မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ (ပထစဥပဒေအမှတ် ၁၈/၂၀၁၃) | | |
| ၂၆။ | ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ (ပထစဥပဒေအမှတ် ၂၀/၂၀၁၃) | | |
| ၂၇။ | ၂၀၁၄ ခုနှစ်၊ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ (ပထစဥပဒေအမှတ် ၁/၂၀၁၄) | | |
| ၂၈။ | ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၄၂/၂၀၁၅) | | |
| ၂၉။ | ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ (ပထစဥပဒေအမှတ် ၂/၂၀၁၆) | | |
| ၃၀။ | အထူးကုန်စည်ခွန်ဥပဒေ (ပထစဥပဒေအမှတ် ၁၁/၂၀၁၆) | | |

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Negotiable Instruments Act (India Act 26, 1881,Vol. X) | | |
| ၂။ | အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့်ဘဏ်အဖွဲ့ (International Monetary Fund and Bank)အက်ဥပဒေ (ဥပဒေအမှတ် ၃၇/ ၁၉၅၁ခုနှစ်၊အတွဲ - ၃) | | |
| ၃။ | နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (ပထစဥပဒေအမှတ် ၁၂/၂၀၁၂) | | |
| ၄။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (ပထစဥပဒေအမှတ် ၁၆/၂၀၁၃) | | |
| ၅။ | ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (ပထစဥပဒေအမှတ် ၂၀/၂၀၁၆) | | |

ဆက်လက်ဖော်ပြပါမည်။

## အီတလီစီးရီးအေရင်ခုန်သံ-၃


# အိမ်ကွင်းမှာ နိုင်ပွဲရယူသွားဦးမယ့် ဂျူဗင်တပ်

အီတလီစီးရီးအေပွဲစဉ် ၃ ကိုလာမယ့် စက်တင်ဘာ ၁၀၊ ၁၁၊ ၁၂၊ ၁၃ နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်အပြီးမှာချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲတွေကစားရမှာဖြစ်တာကြောင့် အဆိုပါဥရောပပွဲကစားရမယ့်အသင်းတွေအနေနဲ့ ခြေကုန်ထုတ်ကစားနိုင်ဖို့ခက်တာကိုသတိပြုရမှာဖြစ်ပါတယ်။

### ရှိုင်းမင်းမင်း

### ထိပ်တန်းဂိုးသွင်းရှင်များ

| | | |
|---|---|---|
| ဘာလော့တီ(တိုရီနို) | - | ၄ ဂိုး |
| ကက်ဆီ(အတ္တလန်တာ) | - | ၃ ဂိုး |
| ဘက်ကာ(အေစီမီလန်) | - | ၃ ဂိုး |
| ပါရော့တီ(ရိုးမား) | - | ၃ ဂိုး |
| ပါဗိုလက်တီ( ဂျီနိုအာ) | - | ၂ ဂိုး |
| မီလစ်ခ်( နာပိုလီ) | - | ၂ ဂိုး |




### ပွဲစဉ် (၂)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျီနိုအာ | ၂ | ၂ | ၀ | ၀ | ၆ | ၂ | ၄ | ၆ |
| ၂ | ဂျူဗင်တပ် | ၂ | ၂ | ၀ | ၀ | ၃ | ၁ | ၂ | ၆ |
| ၃ | ဆမ်ဒိုးရီးယား | ၂ | ၂ | ၀ | ၀ | ၃ | ၁ | ၂ | ၆ |
| ၄ | ရိုးမား | ၂ | ၁ | ၁ | ၀ | ၆ | ၂ | ၄ | ၄ |
| ၅ | ပက်စ်ကာရာ | ၂ | ၁ | ၁ | ၀ | ၅ | ၂ | ၃ | ၄ |
| ၆ | နာပိုလို | ၂ | ၁ | ၁ | ၀ | ၆ | ၄ | ၂ | ၄ |
| ၇ | တိုရီနို | ၂ | ၁ | ၀ | ၁ | ၇ | ၄ | ၃ | ၃ |
| ၈ | ချီယေဗို | ၂ | ၁ | ၀ | ၁ | ၂ | ၁ | ၁ | ၃ |
| ၉ | လာဇီယို | ၂ | ၁ | ၀ | ၁ | ၄ | ၄ | ၀ | ၃ |
| ၁၀ | ဖီအိုရင်တီးနား | ၂ | ၁ | ၀ | ၁ | ၂ | ၂ | ၀ | ၃ |
| ၁၁ | အေစီမီလန် | ၂ | ၁ | ၀ | ၁ | ၅ | ၆ | -၁ | ၃ |
| ၁၂ | အူဒီးနီးစ် | ၂ | ၁ | ၀ | ၁ | ၂ | ၄ | -၂ | ၃ |
| ၁၃ | ဆာစူအိုလို | ၂ | ၁ | ၀ | ၁ | ၁ | ၃ | -၂ | ၃ |
| ၁၄ | ဘိုလော့နာ | ၂ | ၁ | ၀ | ၁ | ၂ | ၅ | -၃ | ၃ |
| ၁၅ | ပါလာမို | ၂ | ၀ | ၁ | ၁ | ၁ | ၂ | -၁ | ၁ |
| ၁၆ | ကယ်ဂလီယာရီ | ၂ | ၀ | ၁ | ၁ | ၃ | ၅ | -၂ | ၁ |
| ၁၇ | အင်တာမီလန် | ၂ | ၀ | ၁ | ၁ | ၁ | ၃ | -၂ | ၁ |
| ၁၈ | အတ္တလန္တာ | ၂ | ၀ | ၀ | ၂ | ၄ | ၆ | -၂ | ၀ |
| ၁၉ | ခရိုတိုနီ | ၂ | ၀ | ၀ | ၂ | ၁ | ၄ | -၃ | ၀ |
| ၂၀ | အမ်ပိုလီ | ၂ | ၀ | ၀ | ၂ | ၀ | ၃ | -၃ | ၀ |

### ဂျူဗင်တပ် - ဆာစူအိုလို
**ည ၁၀း၃၀ (၁၀-၉-၁၆)**

ဂျူဗင်တပ်က လက်ရွေးစင်ကစားသမားအများစုနဲ့ ဖွဲ့စည်းထားတာကြောင့်လည်း နိုင်ငံပွဲတွေကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါ့အပြင် ချန်ပီယံလိဂ်လည်းကစားရမှာဖြစ်လို့ ခြေကုန်ထုတ်ကစားနိုင် ဖို့ခက်ပါလိမ့်မယ်။ ဆာစူအိုလိုကတော့ ခြေစွမ်းပိုင်းသာမန်သာရှိပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းကဂိုးသွင်းခြေအားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ဂျူဗင်တပ်တို့ထင်သလောက်အခက်မတွေ့နိုင်ပါဘူး။ ဂျူဗင်တပ်ပဲနှစ်ဂိုးအသာနဲ့အနိုင်ရနိုင်ပါတယ်။

### ဘိုလော့နာ - ကယ်ဂလီယာရီ
**ညနေ ၅း၀၀ (၁၁-၉-၁၆)**

ဘိုလော့နာခြေစွမ်းကအားနည်းမှုတွေရှိနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ တိုရီနိုကို ငါးဂိုး-တစ်ဂိုးနဲ့တောင်ရှုံးခဲ့ရသလို အဖွင့်ပွဲမှာလည်း ခရိုတိုနီကိုတောင်တစ်ဂိုးတည်းနဲ့ ကပ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်လို့ ဘိုလော့နာတို့အား စိုက်လာမှာဖြစ်ပြီး ကယ်ဂလီယာရီခြေကလည်း အားနည်းမှုတွေရှိနေတာကြောင့် ဘိုလော့နာတို့ အခွင့်အရေးရနိုင်ကာ သရေလောက်အနိမ့်ဆုံးရမယ်။

### ချီယေဗို - လာဇီယို
**ည ၇း၃၀ (၁၁-၉-၁၆)**

လာဇီယိုခြေစွမ်းပိုင်းကကောင်းမွန်တယ်လို့ဆိုနိုင်ပါတယ်။ ဂျူဗင်တပ်ကိုရှုံးနိမ့်ခဲ့ရပေမယ့်လည်း အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ချီယေဗိုကလည်း ခြေစွမ်းပိုင်းကောင်းမွန် နေသလို ဖီယိုရင်တီးနားကိုကပ်ပြီးသာရှုံးခဲ့ကာ အင်တာကိုအနိုင်ရ ခဲ့ပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ချီယေဗိုတို့ ခြေကုန်ထုတ်ကစားလာမှာဖြစ်တာကြောင့်လည်းအနိမ့်ဆုံးသရေရမယ်။

### အေစီမီလန် - အူဒီးနီးစ်
**နံနက် ၁း၁၅ (၂၉-၈-၁၆)**

အူဒီးနီးစ်ခြေက သာမန်သာရှိပါတယ်။ နှစ်ပွဲကစားပြီးချိန်မှာ တစ်ပွဲနိုင်တစ်ပွဲရှုံးရလဒ်ကိုရရှိထားတယ်ဆိုပေမယ့်လည်း အနိုင်ရခဲ့အသင်းက အမှတ်ပေးဇယားအောက်ဆုံးကအမ်ပိုလီကိုသာအနိုင်ရခဲ့ တာဖြစ်နေပါတယ်။ မီလန်ကတော့ တိုက်စစ်ပိုင်းကဂိုးသွင်းခြေရရှိနေသလို အိမ်ကွင်းမှာနိုင်ပွဲရဖို့လည်းအားစိုက်လာမှာဖြစ်ပါတယ်။ အေစီမီလန်ပဲအနိုင်ရမယ်။ အေစီမီလန်ရဲ့ခံစစ်ပိုင်းအားနည်းမှုကြောင့် ဂိုးပြတ်ဖို့တော့ခက်မယ်။

### ပက်စ်ကာရာ - အင်တာမီလန်
**နံနက် ၁း၁၅ (၁၂-၉-၁၆)**

အင်တာရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေပါတယ်။ နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးသလို အိမ်ကွင်းမှာပါလာမိုကိုတောင် အနိုင်မရခဲ့ဘူး။ ယူရိုပါလိဂ်ပွဲကစားရမှာဖြစ်တာကြောင့်လည်းခြေ ကုန်ထုတ်နိုင်ဖို့ ခက်နေပါတယ်။ ပက်စ်ကာရာကတော့ခြေစွမ်းပိုင်းကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်တယ်။ နိုင်ပွဲစရဖို့အင်တာ အားစိုက်လာရင်တောင် သရေလောက်ပဲအမြင့်ဆုံးရမယ်။

### ပါလာမို - နာပိုလီ
**နံနက် ၁း၁၅ (၁၁-၉-၁၆)**

နာပိုလီက အိမ်ကွင်းမှာအေစီမီလန်ကိုအနိုင်ယူပြီးနိုင်ပွဲစရခဲ့ပြီ ဖြစ်တာကြောင့်လည်း နိုင်ပွဲဆက်နိုင်အောင်အားစိုက်လာမှာသေချာနေပါတယ်။ ဒါ့အပြင် ပါလာမိုကလည်းခြေစွမ်းပိုင်းအားနည်းမှုတွေ များနေပြီးနှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲလုံးဝမရသေးတာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း ပါလာမိုအနေနဲ့ တိုက်စစ်ပိုင်းအားကောင်းတဲ့ နာပိုလီကိုထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ချန်ပီယံလိဂ်ကစားရဖို့ရှိနေပေမယ့် နာပိုလီပဲအနိုင်ရမယ်။

### အတ္တလန္တာ - တိုရီနို
**ည ၇း၃၀ (၁၁-၉-၁၆)**

အတ္တလန္တာဟာနှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးရှုံးနိမ့်ခဲ့ရတဲ့အ ထိ ခြေစွမ်းပိုင်းအားနည်းမှုတွေများနေပါတယ်။ အထူးသဖြင့်နှစ်ပွဲမှာ ခြောက်ဂိုးအထိပေးခဲ့ရတဲ့ ခံစစ်ပိုင်းက အားနည်းမှုတွေများလွန်းနေပါတယ်။ တိုရီနိုကတော့ ခြေစွမ်းပိုင်းကောင်းမွန်နေပြီး တိုက်စစ်ပိုင်းက ထက်မြက်မှုရှိနေပါတယ်။ ကစားပြီးသမျှနှစ်ပွဲမှာ တိုက်စစ်က ခုနစ်ဂိုးအထိ သွင်းနိုင်ခဲ့ပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် တိုရီနိုပဲအနိုင်ရမယ်။

### ဂျီနိုအာ - ဖီအိုရင်တီးနား
**ည ၇း၃၀ (၁၁-၉-၁၆)**

ဖီအိုရင်တီးနားခြေက မဆိုးဘူး။ အဖွင့်မှာဂျူဗင်တပ်ကိုကပ်ပြီးသာရှုံးခဲ့ရသလိုဒုတိယပွဲမှာလည်း ချီယေဗိုကိုအနိုင်ရခဲ့တယ်။ တိုက်စစ်ပိုင်းကအနည်းငယ်အားနည်းနေသလို ယူရိုပါလိဂ်လည်းရှိနေတာ ကိုတော့သတိပြုရမယ်။ ဒါ့အပြင် ဂျီနိုအာကလည်းနှစ်ပွဲစလုံးအနိုင်ရခဲ့တဲ့အထိခြေစွမ်းပိုင်းကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်နေ တာကြောင့် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဖီအိုရင်တီးနားအခက်တွေ့နိုင်ပြီး ဂျီနိုအာကပ်နိုင်မယ်။

### ရိုးမား - ဆမ်ဒိုးရီးယား
**ည ၇း၃၀ (၁၁-၉-၁၆)**

ကယ်ဂလီယာရီကိုသရေသာကစားနိုင်ခဲ့တာကြောင့် ရိုးမားတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အိမ်ကွင်းမှာ အားစိုက်လာဖို့ရှိနေပါတယ်။ ရိုးမားအနေနဲ့ ဒီပွဲစဉ်အပြီးမှာ ယူရိုပါလိဂ်ပွဲကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့တော့ခက်တယ်။ ဒါ့အပြင် ဆမ်ဒိုးရီးယားကလည်း နှစ်ပွဲဆက်တိုက်အနိုင်ရထားတဲ့အထိ ကစားပုံကောင်းမွန်နေလို့ ရိုးမားတို့အခက်တွေ့နိုင်ကာ ကပ်ပြီးသာအနိုင်ရမယ်။

### အမ်ပိုလီ - ခရိုတိုနီ
**နံနက် ၁း၁၅ (၁၃-၉-၁၆)**

ခရိုတိုနီရဲ့ခြေစမ်းပိုင်းကအားနည်းမှုတွေများနေပါတယ်။ အထူးသဖြင့်တိုက်စစ်ပိုင်းက အားနည်းလွန်းနေတယ်။ အမ်ပိုလီကတော့ နိုင်ပွဲမရသေးတာကြောင့် နိုင်ပွဲစတင်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေသလို အိမ်ကွင်းလည်းဖြစ်နေတယ်။ ဒါကြောင့်လည်းအမ်ပိုလီအနေနဲ့ ခရိုတိုနီကို ဖိအားပေးသွားနိုင်ဖို့ရှိနေကာ နိုင်ပွဲလည်းစတင် ရယူသွားနိုင်ဖို့ရှိနေပါတယ်။

## ကမ္ဘာ့အကောင်းဆုံးကလပ်အသင်း ပြန်လည်ဖြစ်လာတော့မယ့်အေစီမီလန်

တရုတ်-ဥရောပအားကစားကုမ္ပဏီ ဥက္ကဋ္ဌဖြစ်သူ မစ္စတာလီယောင်ဟောင်က အေစီမီလန်အသင်းကို ၂၀၀၀ပြည့်နှစ်အလွန်နှစ်များဆီက ကဲ့သို့ ကမ္ဘာ့အကောင်းဆုံးကလပ်အသင်းပြန်လည် ဖြစ်လာစေရန် ကတိပြုကြောင်း ဆိုခဲ့သည်။

မစ္စတာ လီယောင်ဟောင်ဦးဆောင်သော တရုတ်လုပ်ငန်းစုသည် အေစီမီလန်အသင်းကို အသင်းပိုင်ရှင် ဘာလူစကိုနီထံမှ ပြန်လည် ဝယ်ယူရန် ကြိုးပမ်းနေပြီး ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်သည်။ အေစီမီလန်အသင်းပိုင် ဖီနဗက်ကုမ္ပဏီက အဆိုပါတရုတ်လုပ်ငန်းစုမှ ယူရို ၈၅ သန်းရရှိခဲ့ကြောင်း မကြာသေးမီကပင် ထုတ်ပြန်ကြေညာခဲ့သည်။

မစ္စတာလီယောင်ဟောင်က“ အခုလိုကြေညာချက်ထုတ်နိုင်ခဲ့တာက အေစီမီလန်အသင်းရဲ့ ယခင်အောင်မြင်မှုတွေကို ပြန်လည်အစပြုနိုင်မယ့် မှတ်တိုင်သစ်လို့တောင် ပြောလို့ရပါတယ်။မကြာမီအချိန်အတွင်း အစဉ်အလာကြီးမားတဲ့ အေစီမီလန်အသင်း အရင်က အောင်မြင်မှုမျိုး ပြန်လည်ရရှိနိုင်အောင်ကြိုးပမ်းသွားမယ်လို့ ကျွန်တော်တို့က ကတိပြုနိုင်ပါတယ်” ဟု ဆိုလိုက်သည်။အေစီမီလန်အသင်းသည် ချန်ပီယံလိဂ် ခုနစ်ကြိမ်အထိဆွတ်ခူးထားသော အသင်းဖြစ်သောကြောင့် ဥရောပဘောလုံး သမိုင်းတွင် ရီးယဲလ်မက်ဒရစ်ပြီးလျှင် ဒုတိယအအောင်မြင်ဆုံးကလပ်အသင်းအဖြစ် ရပ်တည်နေသော်လည်း ပြီးခဲ့သည့်ရာသီ စီးရီးအေတွင် အဆင့်(၇)နေရာဖြင့်သာ ရာသီသိမ်းနိုင်ခဲ့သည်။

**မေလဲ့သင်း**



*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူအာဘော်သာ ဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*

# တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီဖြစ်ထွန်းရေးနှင့် နိုင်ငံရေးပါတီများ

ခဲ မောင်စာဂ

**နိုင်ငံတော်နှင့် နိုင်ငံရေးပါတီများ**

နိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်။ နိုင်ငံရေးပါတီတစ်ရပ်ထူထောင်လိုပါက ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်လက်ခံရမည်။ နိုင်ငံရေးဝါဒ သဘောတရားတစ်ရပ်အပေါ်တွင်အခြေခံပြီး မိမိတို့၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားပြီး ဖြစ်ရပေမည်။ ယနေ့အထိ မှတ်ပုံတင်ထားရှိပြီးသော နိုင်ငံရေးပါတီပေါင်းမှာ ၉၀ ကျော် ရှိပေသည်။

**နိုင်ငံရေးပါတီများ လိုက်နာရမည့်တာဝန်**

နိုင်ငံရေးပါတီများ၏ အဓိကလိုက်နာရမည့် တာဝန်များမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိရမည်။ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်ပေသည်။

**နိုင်ငံရေးပါတီများ၏အခွင့်အရေး**

နိုင်ငံရေးပါတီများသည် လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်။ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကြပေသည်။ ဝင်ရောက်ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းများသည် သတ်မှတ်ချက်များနှင့်အညီ စည်းရုံးလှုပ်ရှားခွင့်ရှိသည်။

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်း**

ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပခဲ့သည်။ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် အသီးသီးတွင် နိုင်ငံရေးပါတီပေါင်း ၉၁ ပါတီ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။ နိုင်ငံရေးပါတီ ၂၂ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

လွှတ်တော်အသီးသီးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၈၈၆ ဦး ဖြင့် အများဆုံးရွေးကောက်တင်မြှောက်ခံရသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၁၁၇ ဦး ဖြင့် ဒုတိယနေရာရရှိသည်။ ရခိုင်အမျိုးသားပါတီက ၄၅ ဦး ဖြင့် တတိယနေရာ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီက ၄၀ ဦးဖြင့် စတုတ္ထနေရာ အသီးသီးရရှိသည်။ ကျန်နိုင်ငံရေးပါတီများအနေဖြင့် ၁၂ ဦး၊ ၁၀ ဦး၊ ၆ ဦး၊ ၅ ဦး၊ ၄ ဦး၊ ၃ ဦး၊ ၂ ဦး၊ ၁ ဦး စသည်ဖြင့် ရွေးကောက်တင်မြှောက်ခံရသည်။ ရွေးကောက်ပွဲ ရလဒ်များအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် လွှတ်တော်အသီးသီး၏ ကိုယ်စားလှယ်နေရာများတွင် အပြတ်အသတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်ပေသည်။

**အနိုင်ရပါတီ**

ရွေးကောက်ပွဲတစ်ခုပြီးပြီဆိုလျှင် အနိုင်ရပါတီဆိုသည်မှာ ပေါ်လာစမြဲဖြစ်ပေသည်။ အနိုင်ရပါတီဆိုသည်မှာလည်း မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်လိုက်သည့်ပါတီဖြစ်သည်။ ပြည်သူများ၏ ထောက်ခံဆန္ဒမဲအများဆုံးရရှိသည့်ပါတီသည် အနိုင်ရပါတီ ဖြစ်လာရတော့သည်။

**ဒီမိုကရေစီကျင့်စဉ်**

နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်။ ဒီမိုကရေစီစနစ်ကို အမှန်တကယ် ယုံကြည်ကြရပေမည်။ ဒီမိုကရေစီစနစ်၏ သဘောသဘာဝကို အမှန်အကန် သဘောပေါက်နားလည်ကြရန် လိုအပ်သည်။ **ဒီမိုကရေစီစနစ်၏ အခြေခံအကျဆုံးကျင့်စဉ်သည် အများစု၏ဆန္ဒကို အနည်းစုက လေးစားရမည်။** လက်မခံ၍ မရ။ **အနည်းစု၏ဆန္ဒကိုလည်း အများစုကအလေးထားရမည်။** ဘေးဖယ်ထား၍မရ။ ယနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက အစိုးရသစ်တစ်ရပ် ဖွဲ့နိုင်ခြင်းသည် ပြည်သူအများ၏ ဆန္ဒအရဖြစ်သည်။ ဤသည်ကို အနည်းစုကလေးစားတတ်ရမည်။ လက်ခံတတ်ရမည်။ အသိအမှတ်ပြုတတ်ရမည်။ ပြည်သူအများစု၏ဆန္ဒအရ ဖွဲ့စည်းထားသော အစိုးရအဖွဲ့ကလည်း အနည်းစု၏ ဆန္ဒကို အလေးထားရပေမည်။

**မိတ်ဖက်ပါတီ**

နိုင်ငံရေးပါတီအချင်းချင်း မိတ်ဖက်ပါတီများအဖြစ် ရပ်တည်လျက်ရှိကြသော ပါတီများသည် မိတ်ဖက်ပါတီများဖြစ်ကြသည်။ ယင်းမိတ်ဖက်ပါတီများထဲမှ ပါတီတစ်ခုခုက အနိုင်ရသွားလျှင် အနိုင်ရပါတီနှင့် မိတ်ဖက်ပါတီများ ပူးပေါင်းလက်တွဲလျက် အများပြည်သူနှင့် နိုင်ငံတော်၏ အကျိုးစီးပွား၊ ကောင်းကျိုးချမ်းသာများ အကောင်အထည်ဖော် ဆောင်ရွက်သွားတတ်လေ့ရှိသည်။

**ပူးပေါင်းပါတီ**

အချို့သော ပါတီများသည် မိတ်ဖက်ပါတီများမဟုတ်ကြသော်လည်း ရွေးကောက်ပွဲပြီးမှ အနိုင်ရပါတီနှင့် ပူးပေါင်းလက်တွဲကာ အများပြည်သူနှင့် နိုင်ငံတော်၏ အကျိုးစီးပွား၊ ကောင်းကျိုးချမ်းသာများကို အကောင်အထည်ဖော်ဆောင်ရွက်တတ်ကြသည်များလည်းရှိသည်။

**အတိုက်အခံပါတီ**

အချို့သောပါတီများသည် မိတ်ဖက်ပါတီလည်း မဟုတ်။ ပူးပေါင်းပါတီအနေဖြင့် လက်တွဲပြီး ဆောင်ရွက်ခြင်းလည်းမရှိဘဲ အတိုက်အခံပါတီအနေဖြင့် ဆောင်ရွက်တတ်ကြသည်များရှိသည်။ အတိုက်အခံပါတီ တစ်ခုအနေဖြင့် ဆောင်ရွက်မည်ဆိုလျှင် အနိုင်ရနိုင်ငံရေးပါတီအစိုးရ၏ လုပ်ဆောင်ချက်များအပေါ် အပြုသဘောအမြင်ဖြင့် နိုင်ငံတော်တိုးတက်ရာ တိုးတက်ကြောင်း တရားနည်းလမ်းကျစွာ သုံးသပ်ဝေဖန်နေရပေလိမ့်မည်။ အပြုသဘော အမြင်ဖြင့် မဟုတ်ဘဲ တရားနည်းလမ်းမကျစွာ ပျက်စီးရာ ပျက်စီးကြောင်း အတိုက်အခိုက်လုပ်ခဲ့သော် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်မှုကို ခံယူရပေလိမ့်မည်။

**အတိုက်အခံစိတ်ထား**

**"အတိုက်အခံ"** ဟူသော စကားလုံးမှာ သာမန်ကြည့်လျှင် ရင့်သီးသည်ဟု မြင်နိုင်သည်။ အနှစ်သာရကတော့ အတိုက်အခံ၏လုပ်ရပ်သည် အကျိုးရှိသည်။ အတိုက်အခံရှိမှ တိုးတက်သည်။ အတိုက်အခံရှိမှ အမှန်လမ်းကြောင်းကို ရောက်မည်။ အတိုက်အခံမရှိလျှင် လမ်းမှားရောက်တတ်သည်။ ပါတီစုံဒီမိုကရေစီနိုင်ငံများတွင် အတိုက်အခံပါတီ ဟူသည် ရှိတတ်စမြဲပင်။ သို့သော် အတိုက်အခံများသည် စိတ်ထားကောင်းဖို့ လိုသည်၊ သန့်ရှင်းဖို့ လိုသည်။

အတိုက်အခံပါတီများထားရှိရမည့်စိတ်ထားသည် အပြုသဘောအသွင် ဆောင်ရမည်။ အပြုသဘောအမြင်ဖြစ်ရမည်။ တရားသဖြင့်ဖြစ်ရမည်။ တည်ငြိမ်အေးချမ်းရေး အလေးထားရမည်။ နိုင်ငံတော်နှင့် ပြည်သူတွေအပေါ် စေတနာထားရမည်။ နိုင်ငံကောင်းကျိုးမျှော်ကိုးရမည်။ ဤသည်တို့မှာ အတိုက်အခံစိတ်ထားဖြစ်သည်။ ဤသို့ နှလုံးသွင်းလျက် ဆောင်ရွက်သွားမည်ဆိုလျှင် လမ်းကြောင်းမှန်ရှိနေပေလိမ့်မည်။ မိမိတို့ဦးတည်ထားသည့် အများပြည်သူနှင့် နိုင်ငံတော်၏ အကျိုးစီးပွား၊ ကောင်းကျိုးချမ်းသာများကို အနိုင်ရပါတီနှင့် ပူးပေါင်းဆောင်ရွက်သွားရာ ကျရောက်ပါလိမ့်မည်။

**အတိုက်အခံနှင့် အတိုက်အခိုက်**

အတိုက်အခံပါတီတစ်ရပ်သည် အတိုက်အခံစိတ်ထားမျိုးမဟုတ်ဘဲ အဖျက်သဘောအမြင်ဖြင့် ညစ်ပတ်မည်၊ ထောင်ချောက်ဆင်မည်၊ မှားကွက်ကိုစောင့်မည်၊ ပွဲလန့်လျှင်ဖျာခင်းမည်။ မင်းသားကြီး မလုပ်ရလျှင် ပတ်မကြီးထိုးဖောက်မည်။ ဆူပူမှုတွေ ဖန်တီးမည် စသည် စသည်ဖြင့် နိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးရာလမ်းကြောင်းကို ပျက်စီးရာပျက်စီးကြောင်း အတိုက်အခိုက်ပြုလုပ်မည်ဆိုပါက ယင်းပါတီသည် အတိုက်အခံပါတီမဟုတ်တော့ဘဲ **အတိုက်အခိုက်ပါတီ သို့မဟုတ် အနှောင့်အယှက်ပါတီတစ်ရပ်သာ ဖြစ်နေပေလိမ့်မည်။** ဤတွင် အတိုက်အခံနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းတစ်ရပ်ကို အလျဉ်းသင့်၍ ဖော်ပြလိုသည်။

**၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ**

၁၉၄၇ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲကြီး ကျင်းပခဲ့သည်။ ယင်းရွေးကောက်ပွဲကြီးတွင် ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း (ယခုနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ဖခင်)သည် မြန်မာပြည်သူလူထု၏ တစ်ခဲနက်အားပေးထောက်ခံမှုဖြင့် သောင်ပြိုကမ်းပြို အနိုင်ရခဲ့သည်ဟု မှတ်တမ်းတင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အနိုင်ရပါတီပီသစွာဖြင့် ခိုင်မာတည်ကြည်သော အစိုးရအဖွဲ့သစ်ကို စနစ်တကျဖွဲ့စည်းခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းက ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဒုတိယဝန်ကြီးချုပ်အဖြစ် သခင်မြအား တာဝန်ပေးခဲ့သည်။

ဖဆပလအစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းပြီးနောက် ၁၇-၄-၁၉၄၇ ရက်နေ့တွင် လွတ်လပ်သော မြန်မာပြည်ကို မည်သို့တည်ထောင်မည့်အကြောင်း ပြည်သူလူထုသို့ မြန်မာ့အသံ၊ အသံလွှင့်ဌာနမှ ဟောပြောခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်း ကောက်နုတ်ချက်အချို့ကား ဤသို့ဖြစ်ပေသည်။ [ Hot News- Jan 22-28, 2016 တွင် စာရေးဆရာကြီးတက္ကသိုလ်စိန်တင် ရေးသားသည့် ၂၀၁၅ ရွေးကောက်ပွဲလွန် မြန်မာနိုင်ငံရေး သုံးသပ်ချက်ဆောင်းပါးမှ ကောက်နုတ်ဖော်ပြပါသည်။]

**နိုင်ငံရေးပါတီများနှင့်စပ်လျဉ်း၍ ဟောပြောချက်**

"ဖဆပလအစိုးရအဖွဲ့ဟာ အရင်တုန်းက အစိုးရအဖွဲ့ထဲမှာ လုပ်ဖူးခဲ့တဲ့နိုင်ငံရေးပါတီတွေလို မဟုတ်ဘူးဆိုတာ ကျွန်တော်တိတိလင်းလင်း ပြောချင်တယ်။ အခြားနိုင်ငံရေးပါတီတွေ အစိုးရအဖွဲ့ထဲမှာရှိပြီး လုပ်နေကြတုန်းက မိမိတို့နဲ့အတိုက်အခံဖြစ်တဲ့ နိုင်ငံရေးပါတီတွေကို မှားမှားမှန်မှန်၊ တရားတရား၊ မတရားမတရား နှိပ်စက်ခဲ့တယ်ဆိုတာ ကျွန်တော်ပြောဖို့ မလိုဘူး။

ကျွန်တော်တို့ ဖဆပလအစိုးရဟာ ဘယ်သူ့ကိုမှ ဘယ်နိုင်ငံရေးအတိုက်အခံတွေကိုမှ နှိပ်စက်ညှဉ်းပန်းခြင်း မလုပ်ဘူး။ သို့သော်လည်း စည်းကမ်းချက်တွေ လွန်လာပြီးတော့ ကိုးရိုးကားရား တိုင်းပြည်အကျိုးမဲ့အောင်လုပ်ရင် ကျွန်တော်တို့ ကြည့်မနေနိုင်ဘူး။ အတိုက်အခံသမားတွေကို လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ ဆူပူခွင့်ပေးထားတာကို အသားယူပြီး မတရားလုပ်ရင် ကျွန်တော်တို့ သေသေချာချာ ချမှာပဲဆိုတာ ပြောချင်တယ်။

အတိုက်အခံသမားတွေက တရားဥပဒေအတွင်းမှာ ကျွန်တော်တို့ကိုဆဲချင်သလို ဆဲနိုင်တယ်။ ဝေဖန်ချင်သလို ဝေဖန်နိုင်တယ်။ သို့သော်လည်း တရားဥပဒေက လွန်မြောက်တဲ့ ကိစ္စမျိုးဆိုရင် သည်းခံပြီး မနေနိုင်ဘူး။ ကျွန်တော်တို့ ရထားတဲ့အာဏာကို ခင်ဗျားတို့လက်ထဲ ပြန်ရောက်အောင် ပရိယာယ်လုပ်ရင်တော့ ပြန်ချရမှာပဲ။

ဤကား ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်ဖြစ်သည်။ အတိုက်အခံပါတီဆိုသော စကားရပ်နှင့် စပ်လျဉ်း၍ မှတ်သားဖွယ်ဖြစ်ပေသည်။

**နိုင်ငံရေးပါတီများ၏ ဦးတည်ချက်**

နိုင်ငံရေးပါတီများသည် နိုင်ငံတော်၏ အကျိုးစီးပွား၊ ကောင်းကျိုးချမ်းသာများ၊ ပြည်သူတွေ၏ အကျိုးစီးပွား၊ ကောင်းကျိုးချမ်းသာများကို ဆောင်ရွက်နိုင်ရန် ဦးတည်ချက်ဖြင့် ပါတီတစ်ရပ် ထူထောင်ခဲ့ကြခြင်းဖြစ်ပေသည်။ မိမိအကျိုးနှင့် ပါတီ၏အကျိုးယှဉ်လာလျှင် ပါတီ၏ အကျိုးကို ဦးစားပေးဆောင်ရွက်မည်။ ပါတီ၏အကျိုးနှင့် နိုင်ငံတော်၏အကျိုးယှဉ်လာလျှင် နိုင်ငံတော်၏ အကျိုးကို ဦးစားပေးဆောင်ရွက်မည်ဆိုသည်မှာ နိုင်ငံရေးပါတီများ၏ ခံယူချက်ဖြစ်သည်။ ဤဦးတည်ချက်၊ ခံယူချက်တို့သည် မည်သို့သောအခါမှ ပျောက်ပျက်သွားနိုင်မည် မဟုတ်။ ပြောင်းလဲသွားမည်လည်းမဟုတ်။ ရွေးကောက်ပွဲတွင် အနိုင်ရသည်ဖြစ်စေ၊ အနိုင်မရသည်ဖြစ်စေ မိမိတို့ပါတီ ဦးတည်ထားသည့် ရည်မှန်းချက်အတိုင်း လျှောက်လှမ်းကြရပေမည်။ ရွေးကောက်ပွဲတွင် အနိုင်ရမှ နိုင်ငံတော်အကျိုးစီးပွား၊ ကောင်းကျိုးချမ်းသာများ လုပ်ဆောင်မည်။ အနိုင်မရပါက နိုင်ငံအကျိုးစီးပွား၊ ကောင်းကျိုးချမ်းသာများ လုပ်ပေးရန်မလို၊ အနိုင်ရပါတီကသာ လုပ်ဆောင်လိမ့်မည်ဟု သဘောမထားသင့်ကြပေ။ ရွေးကောက်ပွဲတွင် အနိုင်ရနိုင်ငံရေးပါတီ၏ အစိုးရနှင့် ဝိုင်းဝန်းပူးပေါင်း၍ နိုင်ငံတော်၏အကျိုးစီးပွား၊ ကောင်းကျိုးချမ်းသာများကို ဖော်ဆောင်သွားသင့်ကြပေသည်။

**ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းအောင်မြင်စေရေး**

နိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးလျက်ရှိသည်ကို နိုင်ငံရေးပါတီတိုင်း သိရှိထားကြပြီးဖြစ်ပေမည်။ နိုင်ငံရေးပါတီတစ်ရပ် ထူထောင်ထားရှိပြီးဖြစ်သဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်လက်ခံထားပြီးလည်းဖြစ်ကြပေမည်။ ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းအောင်မြင်စေဖို့ဆိုလျှင် တရားဥပဒေစိုးမိုးရေးက အခြေခံဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းနေသမျှ ရွေးကောက်ပွဲများသည်လည်း ပုံမှန်ကြုံတွေ့နေကြရမည်ဖြစ်သည်။ ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိနေကြပေမည်။ ဒီမိုကရေစီနိုင်ငံတွင် အချုပ်အခြာအာဏာသည် ပြည်သူ့၌တည်သည်။ နိုင်ငံရေးပါတီများသည် ထိုအာဏာကို ရွေးကောက်ပွဲများတွင် ပြည်သူထံမှ တောင်းခံ၍ယူရသည်။ ပြည်သူတွေကလည်း နိုင်ငံရေးပါတီများအပေါ် အစဉ်အမြဲသတိမူလျက်ရှိသည်။ အကဲခတ်လျက်ရှိသည်။ ပြည်သူတွေကို အထင်မသေးသင့်။ ပြည်သူတွေကြည့်တတ်သည်။ မြင်တတ်သည်။ နားထောင်တတ်သည်။ ဆုံးဖြတ်တတ်သည်။

ထို့ကြောင့် နိုင်ငံရေးပါတီများသည် ပြည်သူတွေကို ရှေးရှုရမည်။ ပြည်သူတွေကို ဦးတည်ထားရမည်။ ပြည်သူများနှင့် နိုင်ငံတော်၏ ကောင်းကျိုးချမ်းသာများကို အမြဲသယ်ပိုးနေကြရမည်။ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို အထူးအလေးပေးလျက် ပါတီစုံဒီမိုကရေစီစနစ် တိုးတက်ဖြစ်ထွန်းရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်ကြအပ်ပေသည်။

**နိုင်ငံတော်ကြီး တရားဥပဒေစိုးမိုးပါစေ။ ငြိမ်းချမ်းပါစေ။ ပါတီစုံဒီမိုကရေစီစနစ် တိုးတက်ဖြစ်ထွန်းပါစေ။**

## ဗီဒီယိုပြသခွင့်လိုင်စင် သက်တမ်းတိုး၊ အသစ်လျှောက်ထားခြင်းများ နေ့ချင်းပြီးဆောင်ရွက်ပေး

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် အမျိုးသား၊ အမျိုးသမီး အလှပြုပြင်ဆိုင်များတွင် ဗီဒီယိုပြသခွင့် လိုင်စင်သက်တမ်းတိုး၊ အသစ်လျှောက်ထားခြင်း လုပ်ငန်းများကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်များ အလိုက် လိုက်လံဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ ရက်နှင့် ၄ ရက် တို့တွင် တိုင်းဗီဒီယိုစိစစ် ကြီးကြပ်ရေးကော်မတီမှ အနီးကပ်ကြီးကြပ်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအဆင့်ဆင့်၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ် ဗီဒီယို အခြေခံအဖွဲ့တို့ ပူးပေါင်း၍ လှိုင်သာယာမြို့နယ်အတွင်းရှိ ဗီဒီယို ပြသခွင့်အဟောင်းသက်တမ်းတိုး ၂၀၀ နှင့် အသစ်လျှောက်ထား ၁၀၀ တို့အား ဗီဒီယိုပြသခွင့်လိုင်စင်ရရှိရေး နေ့ချင်းပြီးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**၃၂၉**

## ကနီမြို့နယ် ညောင်ပင်ဝန်းကျေးရွာမြေများ နိမ့်ဆင်း၍ ပပ်ကြားအက်များ ဖြစ်ပေါ်မှုအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**ကနီ စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တဇယ်ချောင်ကျေးရွာအုပ်စု ညောင်ပင်ဝန်းကျေးရွာတွင် ဩဂုတ် ၂၇ ရက်မှစ၍ ချင်းတွင်းမြစ်ကမ်းဘေးမှ ပေ ၁၅၀ ကျော်ခန့်အကွာတွင် မြေများနိမ့်ဆင်း၍ ပပ်ကြားအက်များဖြစ်ပေါ်လျက်ရှိရာသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် စက်တင်ဘာ ၆ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြေများနိမ့်ဆင်း ပပ်ကြားအက်ကွဲမှုများ ဖြစ်ပွား၍ မြစ်ကမ်းဘေးမှ ဦးစန်းလင်းနေအိမ်နှင့် ဦးတင်ခို၏ နွားတဲနှင့် ကမ်းနဖူးလမ်းထက်ဝက်ခန့် အက်ကွဲနေမှုများကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်က မြို့နယ်သဘာဝဘေး ကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဆက်လက်၍ မြေနိမ့်ဆင်းမှုများ ဖြစ်ပွားလျှင် ရွှေ့ပြောင်းဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန်၊ ထူးခြားမှုရှိလျှင်အချိန်မီဆောင်ရွက်နိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကိုမှာကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းက ဆောင်ရွက်ထားရှိမှုများ ပြန်လည်တင်ပြခဲ့ကြောင်း သိရသည်။

ယင်းနောက် ကနီမြို့ ချင်းတွင်းမြစ်ကမ်းတာရိုးအား လှည့်လည်ကြည့်ရှုပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ဧည့်ရိပ်သာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြို့နယ်အတွင်း သဘာဝဘေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**





## ကန့်ကြီးထောင့်မြို့နယ်တွင် စားသုံးသူရေးရာအကာအကွယ်ပေးရေးနှင့် ကွမ်းစားခြင်းအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

**ကန့်ကြီးထောင့် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စားသုံးသူရေးရာအကာအကွယ်ပေးရေးနှင့် ကွမ်းစားခြင်းအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက်နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးစိန်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်ဦးစီးမှူးက ကွမ်းစားခြင်းကြောင့် ဖြစ်ပေါ်တတ်သောရောဂါများနှင့် ဆိုးကျိုးများအားလည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးမှူးက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အကြောင်းအရာများနှင့် ဥပဒေများအားလည်းကောင်း အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီး ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဒါးကရဲကင်းစခန်းမှူးနှင့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၂၅၀ ခန့်တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူရေးရာ အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးကာ ကျောင်းဝင်းအတွင်းရှိ မုန့်ဆိုင်တန်းများ၌ ရောင်းချနေသောမုန့်များတွင် သက်တမ်းလွန်မုန့်များ၊ ဆိုးဆေးများသုံးထားသောမုန့်များနှင့် စားသုံးရန်မသင့်သောမုန့်များ ရောင်းချမှုမရှိစေရေးတို့ကို စစ်ဆေး၍ ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နန်းထိုက် (ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ နတ်မောက်မြို့သို့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပြသ

**နတ်မောက် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင် အများပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား မှုခင်းပညာပေးနိုင်ရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရွှေ့လျားပြခန်းယာဉ်ဖြင့် စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီခွဲက အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများတွင် သွားရောက်ပြသခဲ့သည်။

အဆိုပါ ရွှေ့လျားပြခန်းယာဉ်တွင် မှုခင်းအသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးပိုစတာများ၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို ပြသထားပြီး မြို့မရဲစခန်းရဲတပ်ဖွဲ့ဝင်များက ကြည့်ရှုသည့် ကျောင်းသား၊ ကျောင်းသူများကို ရှင်းလင်းပြသခဲ့သည်။

အဆိုပါကျောင်းများတွင် နတ်မောက်မြို့မရဲစခန်းမှူး ဒု-ရဲမှူး မောင်ကိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး အမှတ်(၁၅)မူးယစ်တပ်ဖွဲ့စုမှ ဒု-ရဲအုပ်ကျော်ဇင်လတ်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ ရဲအုပ်ဇော်မင်းထွန်းက လူကုန်ကူးမှုတိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့ သတိပြုရမည့် အချက်ခြောက်ချက်ကိုလည်းကောင်း ဟောပြောခဲ့ပြီး မှုခင်းဆိုင်ရာ အသိပညာဗဟုသုတ အလွယ်တကူလေ့လာနိုင်ရန် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြသခဲ့ကြောင်းသိရသည်။

**လှဝင်း(နတ်မောက်)**

## ပဲစင်းငုံ မုံရွာရွှေဒင်္ဂါး မျိုးစေ့ထုတ်စံပြကွက်၌ လက်တွေ့သရုပ်ပြရှင်းလင်း

**ကျောက်မြောင်း စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ တည်ပင်ကျေးရွာအုပ်စု (၁၄)မိုင် ကျေးရွာ တောင်သူ ဒေါ်ဝင်း၏ ကွင်းအမှတ် ၂၆၈၆၊ ဦးပိုင်အမှတ် (၁/၂) ယာမြေတွင် စိုက်ပျိုးထားသော ပဲစင်းငုံ မုံရွာရွှေဒင်္ဂါးမျိုးစေ့ထုတ်စံပြကွက်၌ လက်တွေ့သရုပ်ပြရှင်းလင်းပွဲကို စက်တင်ဘာ ၆ ရက်က ပြုလုပ်ရာ စိတ်ပါဝင်စားသော တောင်သူ ၁၂၀ ခန့်တက်ရောက်ခဲ့သည်။



အခမ်းအနားတွင် ကျောက်မြောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသန့်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဆွေက ပဲစင်းငုံမျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုနည်းပညာပေးနှင့် ကွင်းဆင်း လက်တွေ့သရုပ်ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်စိုက်ပျိုးရေးမှ မျိုးစေ့တာဝန်ခံ ဒေါ်မကြွယ်ဝင်း၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်စုရွှေဇင်၊ သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်ရီရီသိန်း၊ စက်မှုသီးနှံတာဝန်ခံ ဒေါ်သီတာလွင်နှင့် ဦးစီးမှူး ဒေါ်ခင်ဝင်းတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တောင်သူများအား မျိုးစေ့ထုတ်စံပြကွက်အတွင်း လက်တွေ့ကွင်းဆင်း ရှင်းလင်းပြသခဲ့ပြီး တောင်သူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက ရှင်းလင်းဆွေး နွေးခဲ့သည်။

ယခုလို လက်တွေ့ကွင်းဆင်း ရှင်းလင်းပြသမှုအပေါ် ကျေးဇူးတင်ရှိကြောင်းနှင့် နောက်စိုက်မည့် သီးနှံများတွင်လည်း မျိုးကောင်းမျိုးသန့် သီးနှံများစိုက်ပျိုးနိုင်ရန် ယခုလိုရှင်းလင်းပြသစေလိုကြောင်း တည်ပင်ကျေးရွာမှ တောင်သူ ဦးသန်းထွန်းက ပြောသည်။

**ခင်ဦးစိုးဝေ**

# လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ယနေ့ ( ၉ . ၉ . ၂၀၁၆ )ရက်နေ့တွင်ကျရောက်သော စိုးစံ(လင်း) အိမ်၊ ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီလီမိတက်၏ (၁၅)နှစ်မြောက်နှစ်ပတ်လည်နေ့ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင်အစွန့်ရှည်တည်တံ့၍ ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စိုးစံ(လင်း) အိမ်၊ ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီလီမိတက်

(ဝန်ထမ်းမိသားစု)

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တော ကျောင်းတိုက်၊ မှော်ရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/ စာသင် သံဃာတော် အရှင် သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ × ၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင် လှူဒါန်း နိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား | ၁သိန်း |
| ၃။ | အခန်းတံခါး | ၂သိန်း |
| ၄။ | ရေချိုးခန်း | ၃သိန်း |
| ၅။ | ကုဋိတစ်ခန်း | ၅သိန်း |
| ၆။ | အဝင်တံခါးမကြီးတစ်စုံ | ၇သိန်း |
| ၇။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉သိန်း |
| ၈။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀သိန်း |
| ၉။ | ရေတိုင်ကီတစ်လုံး | ၁၂သိန်း |
| ၁၀။ | သံဃာလေးပါးနေတစ်ခန်း | ၂၀သိန်း |
| ၁၁။ | မုခ်ဦး | ၃၀သိန်း |
| ၁၂။ | ဘုရားခန်း | ၅၀သိန်း |
| ၁၃။ | စာသင်ခန်းမဆောင် | ၁၀၀သိန်း |
| ၁၄။ | ဆွမ်းစားဆောင် | ၃၅၀သိန်း |
| ၁၅။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀သိန်း |
| ၁၆။ | ကွန်ကရစ်တိုင်တစ်လုံး | ၃သိန်း |
| ၁၇။ | စာချဆရာတော်များနေတစ်ခန်း | ၂၅သိန်း |
| ၁၈။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀သိန်း |
| ၁၉။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅သိန်း |

အလှူရှင်များကမွေ့ည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
မှော်ရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၃၊ ၀၉-၈၆၃၀၅၁၆၊ ၀၉-၂၆၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုစည်လမ်းမတော်
(Account No. 061-301-06100921001)
နိုင်ငံ့ဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9)ဘဏ်စာရင်းသို့နိုင်ရာဘဏ်၌
ထည့်သွင်း၍လည်းကောင်းဆက်သွယ်လှူဒါန်းနိုင်ပါသည်။

စီးပွားရေးတက္ကသိုလ်
**Master of Banking and Finance**
**MBF** ဝင်ခွင့်သင်တန်း
သင်တန်းစပြီ (ရုံးချိန်လွတ်)
အကောင်းအတွေ့အကြုံ / Accounting & Finance အတွေ့အကြုံရှိ
မည်သည့်အခွဲရမဆို လျှောက်ထားနိုင်သည် ။ ပါရင် ဆရာ / ဆရာမကြီးများသင်မည် ။
**ORION** Business School
အမှတ်– ၂၆/ရ၊ ပ–ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (ဘုံစင်တာအနီး)။
09 5115997, 09 32358423

GLOBAL PHOENIX
REAL ESTATE
ပြင်ဆင်ပြီး ကွန်ဒိုအခန်း၊
လုံးချင်းအိမ်များကို ငှားရမ်းလိုသော
နိုင်ငံခြားသားဧည့်သည်များ
ရှိနေပါသည်။ Global Phoenix သို့
ပိုင်ရှင်များ အမြန်ဆက်သွယ်ပေးပါ။
09 - 260 2600 29 / 59
No. 153, 1st Fl, Anawrahta Road,
Corner of 47th St, Botahtaung Tsp.
globalphoenix.realestate@gmail.com

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယိုမုန့်ဖုတ်သင်တန်း
ဂျယ်လီ ၊ ငါးမုန့် ၊ ဆော့စ် ၊ ဆပ်ပြာသင်တန်းနှင့် အဆေးကုန်ကြမ်းဆိုင်
EAC
76, ဗိုလ်ချုပ်လမ်း ... ကြည့်မြင်တိုင်။ 09-5385522
09-402620073 09.793565900,01.2315072

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(ပွဲစားမလို)

၁။ စမ်းချောင်း၊ ဖျာပုံလမ်း၊ ပေ (၁၂½×၅၀)၊ ၇လွှာ(6.F)၊ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်၊ ဗဟိုလမ်းမနီး၊ ပြင်ဆင်ပြီး အသင့်နေတိုက်ခန်း(သန့်)။ **သိန်း(၂၉၀)**

၂။ စမ်းချောင်း၊ ငှက်ပျောတောလမ်း၊ ပေ(၁၂½×၅၀)၊ မြေညီ(ထပ်ခိုးပါ)(၂)ထပ်၊ MBR(1), BR(1),A/C(2) ရေပူရေအေး၊ ကြွေပြားပြည့်၊ ကျွန်းတောလမ်းမနီး(သန့်)၊ **သိန်း(၉၂၀)**

**ဆက်သွယ်ရန် ဖုန်း-09-5185350, 09-449002865**

**DSS Steel**
GI ဟောလိုပိုက်နှင့်သံပြွမ်းဖြန့်ချိရေး
၂၅၇၊ ၂၅၉ ကျိုင်းတုံလမ်းနှင့်ထားဝယ်လမ်းထောင့်
စက်မှုဇုန်(၁)၊ တောင်ဒဂုံ။
Ph : 09-5113546 , 09-976644550

# STRATEGY FIRST INSTITUTE





NCC education

တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများနှင့်
တက္ကသိုလ်တက်ရောက်နေသူများအတွက်

## Level 4 Diploma in Business

ယူကေမှ စီးပွားရေးဘွဲ့ပထမနှစ်နှင့် ညီမျှသော တစ်နှစ်အချိန်ပြည့်သင်တန်း

## Level 5 Diploma in Business

ယူကေမှ စီးပွားရေးဘွဲ့ဒုတိယနှစ်နှင့် ညီမျှသော တစ်နှစ်အချိန်ပြည့်သင်တန်း

### ဝင်ခွင့်သတ်မှတ်ချက်

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ တက္ကသိုလ်ဝင်တန်းတွင် အင်္ဂလိပ်စာ အမှတ် (၆၀) မပြည့်ပါက IELTS band (5.5) ကို ရရှိရန် ဖြေဆိုရပါမည်။

စက်တင်ဘာ (၁၉) ရက် စမည်။

### သင်တန်းကြေးနှင့် Scholarship များ

ဘာသာရပ်အားလုံးအတွက် တစ်နှစ်စာ L4DB Tuition Fees: 2,980,000 Ks | L4DB NCC Fees - 320 GBP
L5DB Tuition Fees: 3,580,000 Ks | LDB NCC Fees - 380 GBP
သင်တန်းကြေးကို ၃ ရစ် ခွဲသွင်းနိုင်ပါသည်။
ဂုဏ်ထူးရဘာသာရပ် အရေအတွက်အလိုက် ၇၅% အထိ သင်တန်းကြေး သက်သာခွင့်ရှိပါသည်။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon
#239, Pyay Road, (Near Myaynigone Citymart) Sanchaung Tsp, Yangon.

**CALL NOW: (09) 250 7171 66 ~ 68, (09) 450 177771**




MPT
ရှေ့သို့လှမ်း၍မြန်မာပြည်

သောကြာနေ့တိုင်းမှာ

ငွေဖြည့်ပြီး အပိုဆု ရယူလိုက်ပါ။

- သောကြာနေ့တွင် E-Topup ဖြင့် ငွေဖြည့်ပြီး အပိုဆုနှစ်မျိုး ရယူလိုက်ပါ။
- MPT ၏ Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။

( Data အပိုဆုများသည် ဆွေသဟာ အသုံးပြုသူများအတွက်သာ )

- အပိုဆုငွေများဖြင့် **MPT** မိုဘိုင်းဖုန်းများအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ အင်တာနက် အသုံးပြုခြင်းများ ပြုလုပ်နိုင်ပါသည်။
- အပိုဆုငွေများကို ငွေဖြည့်သွင်းသည့်နေ့မှစတင်၍ (၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
- Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 1,000 Ks | 20 MB | 20 MB + 100 Ks |
| 3,000 Ks | 80 MB | 80 MB + 500 Ks |
| 5,000 Ks | 150 MB | 150 MB + 1,250 Ks |
| EVERY 10,000 Ks | 400 MB | 400 MB + 3,000 Ks |

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL

CALL CENTER 106 | call free 24 hours everyday

နေ့စဉ်

E-Topup ဖြင့် ငွေဖြည့်ပြီး အပိုဆု ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | E-Topup ဖြင့် (အပိုဆု) |
|---|---|
| 1,000 Ks | 100 Ks |
| 3,000 Ks | 500 Ks |
| 5,000 Ks | 1,250 Ks |
| EVERY 10,000 Ks | 3,000 Ks |

- **MPT** ၏ Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
- အပိုဆုငွေများဖြင့် **MPT** မိုဘိုင်းဖုန်းများအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ အင်တာနက် အသုံးပြုခြင်းများ ပြုလုပ်နိုင်ပါသည်။
- အပိုဆုငွေများကို ငွေဖြည့်သွင်းသည့်နေ့မှစတင်၍ (၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
- ဩဂုတ်လ(၁၂)ရက်နေ့မှ စက်တင်ဘာလ(၁၂)ရက်နေ့အထိ အသုံးပြုနိုင်ပါသည်။


အသေးစိတ်သိရှိလိုပါက

www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL

CALL CENTER 106 | call free 24 hours everyday

SAMSUNG

# Galaxy Note7



**Samsung** ကိုအားပေးကြတဲ့ မိဘပြည်သူများ၊ မိတ်ဖက်ဆိုင်ရှင်များနဲ့ မီဒီယာမိတ်တွေများခင်ဗျား

**Samsung Electronics** အနေနဲ့ အရည်အသွေးအကောင်းမွန်ဆုံး ထုတ်ကုန်တွေကို ဖန်တီးထုတ်လုပ်ဖို့ ဆုံးဖြတ်ချက်ချထားတာဖြစ်ပြီး ကျွန်တော်တို့ အမာခံသုံးစွဲသူတွေက ပေးပို့လာတဲ့ အဖြစ်အပျက်အကြောင်းအရာ မှတ်ချက်တွေအားလုံးကိုလည်း အထူးအလေးအနက်ထားပြီး ဂရုစိုက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခုအသစ်ထွက်ထားတဲ့ **Galaxy Note7** နဲ့ပတ်သက်ပြီး လတ်တလော ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေ၊ တင်ပြချက်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ စုံစမ်းကြည့်ရှုစစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ရာ ဘက်ထရီဆဲလ်နဲ့ ပတ်သက်တဲ့ ပြဿနာကိုတွေ့ရှိခဲ့သည့်အတွက် **Galaxy Note7** ရောင်းချမှုအား ရပ်တန့်လိုက်သဖြင့် လာမည့် စက်တင်ဘာလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံတွင် စတင် ရောင်းချမည့် အစီအစဉ်အားလည်း ဂမ်းနည်းစွာ ဖြင့်နောက်ဆုတ်လိုက်ရပါတယ်။
**Galaxy Note7** ဖုန်းအား ကမ္ဘာ့ဈေးကွက်ဖြင့် ချိတ်ဆက် ဝယ်ယူပြီးသူ သုံးစွဲသူများအား လက်ရှိဝယ်ယူထားတဲ့ ဖုန်းတွေကို ဖုန်းအသစ်တစ်လုံးနဲ့ ၂၀၁၆ အောက်တိုဘာလအတွင်း ပြန်လည်အစားထိုးလဲလှယ်ပေးမှာဖြစ်ပါတယ်။
